ကြေးမုံ
The Mirror

၁၃၇၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်၊ အင်္ဂါနေ့၊ (17-4-2012) (၇၀၉၃)

အတာရေပက်ဖျန်း

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့အား ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများက အတာရေဖြင့် ပက်ဖျန်းကြစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပါဝင်ဆင်နွှဲ

ရန်ကုန် ဧပြီ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့သည် ယနေ့ သင်္ကြန်အတက်နေ့ နံနက်ပိုင်းတွင် ၁၃၇၃ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတသီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီးတို့သည် နံနက် ၉ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်သို့ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ရန်ကုန်မြို့တော်ဝန် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးလှမြင့်နှင့်ဇနီး ဒေါ်ခင်အေးနွယ်တို့က သပြေခက်ဖြင့် နံ့သာရည်ပက်ဖျန်း၍ ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ဇနီးတို့သည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ယိမ်းအဖွဲ့၊ လေးဝတီရခိုင်ရိုးရာယဉ်ကျေးမှု ယိမ်းအဖွဲ့၊ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်ကိုယ်စားပြု ကရင်ရိုးရာ ဒုံးယိမ်းအဖွဲ့တို့၏ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုဆုငွေများကို ချီးမြှင့်သည်။

ထို့နောက် ဒုတိယသမ္မတ၊ ဇနီးနှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများက အတာရေဖြင့်ပက်ဖျန်းကြသည်။

ထိုမှတစ်ဆင့် အလုံမြို့နယ် အောက်ကြည့်မြင်တိုင်လမ်းရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မိသားစု ရေကစားမဏ္ဍပ်သို့သွားရောက်ကြရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးချိုသန်းမောင်၊ ဇနီး ဒေါက်တာဒေါ်တင်နွယ်ဝေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်ဇနီးတို့သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မိသားစု ယိမ်းအဖွဲ့နှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်း ယိမ်းအဖွဲ့တို့၏ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ ယိမ်းအဖွဲ့ဝင်များနှင့် ဝန်ထမ်းမိသားစုများအား အတာရေပက်ဖျန်း၍ အတာရေသဘင်ပွဲကို ပါဝင်ဆင်နွှဲကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ ရန်ကုန်မြို့တော်ဝန်နှင့် ဇနီးတို့က ဖျော်ဖြေကြသူများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြသည်။

ဒုတိယသမ္မတနှင့်ဇနီးတို့သည် နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် အလုံမြို့နယ် အောက်ကြည့်မြင်တိုင်လမ်းရှိ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ မိသားစု ရေကစားမဏ္ဍပ်သို့ရောက်ရှိကြရာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခိုင်၊ ဇနီး ဒေါ်အေးအေးမူနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့(ရုံးချုပ်)နှင့် ခရိုင် လေးခရိုင်မှ ဝန်ထမ်းမိသားစု ယိမ်းအဖွဲ့များ၏ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် ဖျော်ဖြေကြသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြပြီး ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ မိသားစုများနှင့်အတူ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အတာရေသဘင်ပွဲကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မိသားစု ရေကစားမဏ္ဍပ်၌ ယိမ်းအဖွဲ့များ ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ယနေ့သတင်းအညွှန်း

နှစ်သစ်အကူး ထူးသည့်မင်္ဂလာ

“မင်္ဂလာနှစ်သစ်ကို စိတ်သစ်၊ လူသစ်၊ အတွေးသစ်၊ အမြင်သစ်တို့ဖြင့် ခရီးဆက်ရန် ရည်သန်မျှော်မှန်း”

ဖေထွေးဇော် ၏ ဆောင်းပါး စာမျက်နှာ ၆

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အတာသင်္ကြန်ရေသဘင်ပွဲ နိုင်ငံတစ်ဝန်း ပျော်ရွှင်စွာ ခြိမ့်ခြိမ့်သဲဆင်နွှဲ

သင်္ကြန် မြင်ကွင်းဓာတ်ပုံ စာမျက်နှာ ၇

ထိုင်းနှစ်သစ်ကူး ရေသဘင်ပွဲတော် ကာလအတွင်းလမ်းပေါ် မတော်တဆဖြစ်မှုများကြောင့် ၂၅၃ ဦး သေဆုံး

နိုင်ငံတကာသတင်း စာမျက်နှာ ၄

ထူးခြားသည့် နေ့အပူချိန် [၁၆-၄-၂၀၁၂]

ချောက်	၄၆	ဒီဂရီစင်တီဂရိတ်
မင်းဘူး	၄၄	ဒီဂရီစင်တီဂရိတ်
ညောင်ဦး	၄၃	ဒီဂရီစင်တီဂရိတ်
မကွေး	၄၃	ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာ မိုးရေချိန် [၁၆-၄-၂၀၁၂]

ကော့သောင်း	သုည ဒသမ ၃၂ လက်မ
ဟုမ္မလင်း	သုည ဒသမ ၁၆ လက်မ

ကြေးမုံစာတည်းရှုထောင့်

၁၇-၄-၂၀၁၂[အင်္ဂါနေ့]။

ဖူးပုရစ်အသွင် အားမာန်ဆင်

မြန်မာတို့၏ နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်ကြီး ကျင်းပပြီးစီးခဲ့ပြီ။ နှစ်ဟောင်းလွန်မြောက် နှစ်သစ်သို့ကူးပြောင်းရောက်ရှိလာပေပြီ။ အဟောင်းမှသည် အသစ်သို့ကူးပြောင်းခြင်းသည် ကောင်းသောလက္ခဏာဖြစ်၍ လူမျိုးတိုင်းက နှစ်သစ်ကူးခြင်းကို မင်္ဂလာဟူ၍ သတ်မှတ်ထားကြသည်။ မြန်မာတို့က နှစ်သစ်ကူးပွဲတော်ကို ရေပက်ဖျန်းကစားခြင်းဖြင့် ကျင်းပကြရာ ပြည်သူအများတို့ ရေ၏အေးမြခြင်း၊ ကြည်လင်ခြင်း၊ သန့်စင်ခြင်းသဘာဝကြောင့် ချမ်းမြေ့ပျော်ရွှင်မှုများ ရရှိခဲ့ကြပေပြီ။

မင်္ဂလာရှိသော မြန်မာတို့၏နှစ်ဦးနှစ်သစ်ထူးမြတ်သော နှစ်ဆန်းတစ်ရက်နေ့ အခါသမယတွင် ကာယကံ၊ ဝစီကံ၊ မနောကံသုံးပါးတို့ဖြင့် ပြုဖွယ်ပြုရာ မှန်သမျှကို ကောင်းစွာပြုမြဲဖြစ်သည်။ စေတီဘုရားကျောင်းကန်သွား၍ အလှူဒါနပြုကြမြဲ၊ ဥပုသ်သီလဆောက်တည်ကြမြဲ၊ မေတ္တာဘာဝနာတရား ပွားများအားထုတ်ကြမြဲဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့်အညီ လူငယ်လူရွယ်အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့က လူကြီးမိဘဆရာသမားတို့အား အရိုအသေပြု ကန်တော့ကြသည်။ သက်ကြီးရွယ်ကြီး အဘိုးအဘွားတို့အား သောက်သုံးရေ၊ ချိုးရေတို့ဖြင့် ကန်တော့ခြင်း၊ ဦးခေါင်းဆေးလျှော်ပေးခြင်း၊ လက်သည်း၊ ခြေသည်း လှီးဖြတ်ပေးခြင်းစသည့် ရိုးရာဂါရဝတရားဖြင့် ကုသိုလ်ယူကြမြဲဖြစ်ရာ မင်္ဂလာရှိသောမြင်ကွင်းများပင်ဖြစ်သည်။

နှစ်သစ်ကူးကာလဖြစ်သည့်အားလျော်စွာ အများပြည်သူတို့က စေတီပုထိုးများအား ထုံးသင်္ကန်းကပ်လှူခြင်း၊ ဘုရားရုပ်ပွားတော်များကို အမွှေးနံ့သာရည်တို့ဖြင့် ပူဇော်ခြင်း၊ ရေတွင်း၊ ရေကန်များ ဆယ်သန့်ခြင်း၊ မြို့ပြရပ်ရွာအတွင်းလမ်း၊ တံတားပြုပြင်ခြင်းစသည့် ကောင်းမြတ်သောအလုပ်များကို ပြုလုပ်ကုသိုလ်ယူကြမြဲဖြစ်သည်။

မြန်မာနှစ်သစ်ကူးအခါသမယတွင် ကောင်းမှုကောင်းရာအဖြာဖြာကို ပြုလုပ်လျက်ရှိရာ သဘာဝပတ်ဝန်းကျင်သည် သစ်လွင်သန့်ရှင်းနေသည်။ စိတ်ရောကိုယ်ပါ ကြည်လင်သန့်ရှင်းဒါန၊သီလ၊ ဘာဝနာတရားများအားထုတ်နေကြခြင်းဖြင့် စိတ်ကြည်လင်ချမ်းမြေ့ခြင်းကောင်းကျိုးတရားများ ရရှိကြပေမည်။အထူးသဖြင့် သင်္ကြန်၏နိမိတ်၊ သင်္ကြန်၏အတိတ်သည် ကူးပြောင်းခြင်းဖြစ်ရာ ရွက်ဟောင်းတို့ကြွေ၍ ရွက်သစ်တို့ဝေသည့် သဘာဝဝန်းကျင်နှင့်အတူ ရုပ်နာမ်ခန္ဓာကူးပြောင်းနေခြင်းကိုလည်း နှလုံးသွင်းသင့်သည်။

ပုထုဇဉ်ဘဝဟူသည် အကုသိုလ်တောသာဖြစ်ရာ လူတိုင်းလူတိုင်းက နေ့စဉ်ပြောဆိုလုပ်ကိုင်မှု လုပ်ငန်းဆောင်တာဟူသမျှတွင် အကုသိုလ်ရှောင်၊ ကုသိုလ်ဆောင်၊ ဖြူအောင်စိတ်ကိုထားကြရပါမည်။ မိမိဘဝနှင့်ပတ်ဝန်းကျင်သာယာလှပအောင် တတ်နိုင်သမျှ စွမ်းဆောင်ကြရပါမည်။ တန်ခူးနွေ၏ အပူဒဏ်ကိုကြံ့ကြံ့ခံရင်း တန်ခူးလေ တန်ခူးသင်္ကြန်မိုးရွာသွန်းဖြိုးမှုနှင့်အတူ ရွက်နုရွက်သစ်ဖူးပုရစ်တို့ အားမာန်ဝင့်လာသကဲ့သို့ မင်္ဂလာနှစ်သစ်တွင် စိတ်သစ် အားမာန်သစ်များဖြင့် ကြိုးပမ်းအားထုတ်သင့်ကြောင်း ရှုမြင်မိပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးနှင့်အဖွဲ့ ဘယ်လာရုစ်သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ နှစ်နိုင်ငံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ ဆွေးနွေးခဲ့

နေပြည်တော် ဧပြီ ၁၆

ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်၏ ဖိတ်ကြားချက်အရ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နှစ်နိုင်ငံအကြား ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ဆွေးနွေးရန် ဧပြီ ၉ ရက်မှ ၁၂ ရက်အထိ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည်။

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Mikhail Myasnikovich တို့ မင့်စ်ခ်မြို့၌ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

ဧပြီ ၉ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မင့်စ်ခ်မြို့ရှိ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ရုံး၌ ဝန်ကြီးချုပ် H.E. Mr. Mikhail Myasnikovich အား တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရေးလုပ်ငန်းများ၊ စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို တွေ့ဆုံဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ Fidmash ကုမ္ပဏီသို့ သွားရောက်၍ oilfield equipment ထုတ်လုပ်တပ်ဆင်နေမှုကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ မင့်စ်ခ်မြို့မှ ဂိုးမဲလ်မြို့သို့ သွားရောက်စဉ် အဝေးပြေးလမ်းပေါ်ရှိ Belorusneft ကုမ္ပဏီ၏ Filling station ၌ စက်သုံးဆီနှင့် ရေနံထွက်ပစ္စည်းများ လက်လီဖြန့်ဖြူးရောင်းချနေမှုကို ကြည့်ရှုလေ့လာကြသည်။

ဧပြီ ၁၀ ရက် နံနက်ပိုင်းတွင် ဂိုးမဲလ်ဒေသ Rechitsa မြို့ရှိ Belorusyt ကုမ္ပဏီ၏ Rechista Oil Field နှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်နေမှုများကို လည်းကောင်း၊ Main Cementing Department တွင် Fracturing Fleet ၌ တပ်ဆင်ထားသော ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသုံး Cementing and Coiled Tubing များ၊ ယာဉ်နှင့်ယန္တရားများကို လည်းကောင်း၊ ရေနံအထွက်တိုးရန်အတွက် Hydraulic Fracturing Operation ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ရေနံတွင်း Side Track Well Drilling ဆောင်ရွက်နေမှုများကို အီတလီနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့ ပူးတွဲထုတ်လုပ်သော Drillmec ပေနက်တွင်းတူးစက်ဖြင့် ရေနံတွင်းတူးဖော်နေမှုများကို လည်းကောင်း လိုက်လံကြည့်ရှုလေ့လာသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် Belorusneft ကုမ္ပဏီ၏ Recreation and Business Center ၌ ကုမ္ပဏီလုပ်ငန်းများဆောင်ရွက်နေမှုနှင့် စွမ်းဆောင်နိုင်မှုအခြေအနေ တင်ပြချက်များကို လေ့လာကြသည်။

ဧပြီ ၁၁ ရက်တွင် Biproscismic Camp သို့ သွားရောက်၍ ဆိုက်စမစ်တိုင်းတာရေးအဖွဲ့၏ ဆိုက်စမစ်တိုင်းတာသရုပ်ပြနေမှုများနှင့် ဆိုက်စမစ်လုပ်ငန်းသုံးယာဉ်၊ ယန္တရားများကို ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ Seismotechnika ကုမ္ပဏီသို့ သွားရောက်ပြီး Secimic Equipment ထုတ်လုပ်နေမှုများ၊ Belorusneft ကုမ္ပဏီ၏ R&D Petroleum ဓာတ်ခွဲစမ်းသပ်တိုင်းတာမှုများကို ကြည့်ရှုလေ့လာသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဂိုးမဲလ်မြို့ရှိ မြို့တော်ကောင်စီရုံး၌ Governor H.E. Mr. Viltor I. Pilipets အား တွေ့ဆုံနှုတ်ဆက်ပြီး Gomel Palace တွင် စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာနနှင့် Belorusneft ကုမ္ပဏီတို့ နှစ်ဖက်ဆွေးနွေးမှုမှတ်တမ်း လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သတင်းထောက်များနှင့် တွေ့ဆုံ၍ မေးမြန်းချက်များကို ပြန်လည်ဖြေကြားပြီး ဧပြီ ၁၄ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၇-၄-၂၀၁၂ (အင်္ဂါနေ့)

၇း၀၅	တရားတော်	၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကွန်ဖူးဘုရင်ဘရုစ်လီ (အပိုင်း-၂၆)**
၇း၁၅	မမ္မပူဇာတေး		-ဟာသရုပ်စုံ
၇း၂၅	မြန်မာ့ရှုခင်း		**-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အရိုက်အရာ" (အပိုင်း-၄)**
၇း၃၀	မြန်မာသံစဉ်ချိုနားဝင်		-Mini Series
၈း၁၅	ဇာတ်လမ်းတို		
၅း၂၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွှင်ပြင် (အပိုင်း-၉၈)**		
၆း၂၅	Guide for You		

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၆ - ၄ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ(ကျပ်)	၈၂၂. ၀၀၀	၀. ၀၀၁၂၂
ထိုင်း (ဘတ်)	၃၀. ၇၆၇၀	၀. ၀၃၂၅၀
တရုတ် (ယွမ်)	၆. ၂၉၈၆၀	၀. ၁၅၈၇၇
အိန္ဒိယ (ရူပီး)	၅၁. ၆၇၇၅	၀. ၀၁၉၃၅
မလေးရှား (ရင်းဂစ်)	၃. ၀၅၈၅၀	၀. ၃၂၆၉၆
စင်ကာပူ (ဒေါ်လာ)	၁. ၂၄၉၅၂	၀. ၈၀၀၃၁
ဂျပန် (ယန်း)	၈၀. ၇၁၉၇	၀. ၀၁၂၃၉
တောင်ကိုရီးယား(ဝမ်)	၁၁၃၃. ၉၀	၀. ၀၀၀၈၈
ယူရို	၀. ၇၆၆၅၈	၁. ၃၀၄၄၉
ဗြိတိသျှ (ပေါင်)	၀. ၆၃၁၃၄	၁. ၅၈၃၉၄

အင်တာနက်။

အခွန်အရပ်ရပ်ဆိုင်ရာ ရှင်းလင်းဆွေးနွေး

ပျဉ်းမနား ဧပြီ ၁၆

နေပြည်တော်ကောင်စီနယ်မြေ ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်အရပ်ရပ်ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ဧပြီ ၆ ရက် မွန်းလွဲ ၁ နာရီတွင် ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညွန့်တင်က ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံလျက်ရှိသည့် အခွန်အရပ်ရပ်ဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းတင်ပြသည်။ **(အောက်ပုံ)**

ထို့နောက် အခွန်ထမ်းလုပ်ငန်းရှင်များက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းရာ ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးတို့က ပြန်လည်ရှင်းလင်းပြောကြားသည်။ ရှင်းလင်းဆွေးနွေးပွဲကို နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ အခွန်ထမ်းလုပ်ငန်းရှင် ၁၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ (၅၈၆)

မြန်မာ့ရိုးရာယဉ်ကျေးမှုအတာသင်္ကြန်ပွဲ မိတ္ထီလာမြို့၌ စည်ကားသိုက်မြိုက် ပျော်ရွှင်စွာဆင်နွှဲ

မိတ္ထီလာ ဧပြီ ၁၆

မိတ္ထီလာ မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲကြသည့်ဒေသခံများမှာ မဟာသင်္ကြန်အကြိုနေ့ ဧပြီ ၁၂ ရက်မှ မဟာသင်္ကြန်အတက်နေ့ ဧပြီ ၁၆ ရက်အထိ စည်ကားသိုက်မြိုက်ပျော်ရွှင်စွာဖြင့် ရေကစားကြကြောင်း သိရသည်။

"ဝန်ဇင်း၊ ရတနာမာရ်အောင်၊ ကျီတော်ကုန်း၊ ပြည်သာယာ၊ ဝမ်းတော်ပြည့်တိုးချဲ့ရပ်ကွက်ရှိ ရေကစားမဏ္ဍပ်များနဲ့ မြို့နယ် ဗဟိုရေကစားမဏ္ဍပ်တွေမှာ ရေကစားသူတွေနဲ့ ကြိတ်ကြိတ်တိုးစည်ကားတယ်။ သင်္ကြန်ငါးရက်စလုံး စည်စည်ကားကားနဲ့ ရေကစားကြတာ တွေ့ရတယ်။

လူအစည်ကားဆုံး မဏ္ဍပ်တွေမှာ တီးဝိုင်းတွေ၊ အဆိုတော်တွေနဲ့ တေးသီချင်းတွေ တီးခတ်ဖျော်ဖြေကြတယ်။ မနှစ်ကထက်ကို ပိုပြီးစည်ကားတယ်"ဟု ဒေသခံရေကစားသူတစ်ဦးက ဆိုသည်။

မိတ္ထီလာ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲပြီး ရေပက်ခံထွက်သူများသည် ရေပက်ခံကားများဖြင့် လည်ပတ်မှုနည်းပါးပြီး မော်တော်ဆိုင်ကယ်များဖြင့်သာ အများဆုံးရေပက်ခံထွက်ကြကြောင်း သိရသည်။ **(ဝဲပုံ)** (၅၇၉)

မော်တော်ယာဉ်များ မီးလောင်မှုသတိပြု

မော်တော်ယာဉ်များအသုံးပြုရာတွင် မောင်းနှင်နေစဉ်နှင့်ရပ်ထားစဉ် ဝါယာရှော့ဖြစ်ခြင်း၊ ကားဂက်(စ်)အိုးအဝင် ပိုက်ဆက်ပြုတ်ရာမှ ဒိုင်နမိုနှင့်ထိ၍ မီးလောင်ခြင်း၊ စက်နှိုးထားစဉ် ဆီထည့်ခြင်း၊ ကာပရိုက်တာ ဆီလျှံခြင်း၊ ကားခေါင်းခန်းအတွင်း ခြင်ဆေးခွေထွန်းခြင်း၊ ပူပြင်းသောရာသီကာလ နေ့လယ်ပိုင်းတွင် ပလတ်စတစ်ပုံးများဖြင့် ဆီလှယ်ခြင်း၊ ညအချိန်ကားပြင်နေစဉ် ဖယောင်းတိုင်မီးဖြင့် ကြည့်ရှုခြင်း၊ ဆီထည့်နေစဉ် ဆေးလိပ်သောက်ခြင်း၊ လက်ကိုင်ဖုန်းပြောခြင်းနှင့် မီးပွားထွက်နိုင်သည့်နေရာများတွင် ဆီထည့်ခြင်းတို့ကြောင့် မီးလောင်မှုဖြစ်ပွားနိုင်ကာ မလိုလားအပ်သောဆုံးရှုံးမှုများဖြစ်ပေါ်နိုင်သဖြင့် ဖော်ပြပါအချက်များ မဖြစ်ပေါ်စေရေးအတွက် သတိပြုရှောင်ကြဉ်ကြရန်၊ မီးလောင်မှုဖြစ်ပွားပါက အလွယ်တကူငြိမ်းသတ်နိုင်သော ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူး (Dry Chemical Powder) အား မော်တော်ယာဉ်တိုင်းတွင် အသင့်ဆောင်ထားသင့်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

မီးသတ်ဦးစီးဌာန

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ မိသားစု ရေကစားမဏ္ဍပ်၌ ယိမ်းအဖွဲ့ဝင်များအား အတာရေဖြင့် ပက်ဖျန်းကြစဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

နှစ်ဦးမင်္ဂလာ

❖ ရွက်နုဝေ ပုရစ်ဖူးတဲ့
နှစ်သစ်ကူး ဒီချိန်ခါ၊
အတာကြို သင်္ကြန်မိုးက
သွန်းဖြိုးလို့ရွာ၊
ပိတောက်က ဝါဝါ
တမာက ဝင်းဝင်း။
ဒို့မြေမှာ ဒို့လေအေးရယ်နဲ့
မွှေးပျံ့ကြိုင်သင်း။

❖ မွှေးပျံ့ကြိုင် ဝေစည်သင်းလို့
ရွှေရည်ဝင်းထိန်ဝေလွင်၊
သင်္ကြန်ခါ အတာပွဲကို
နွဲကြပျော်ရွှင်၊
တစ်နှစ်ထက် တစ်နှစ်တွင်
သစ်လွင်လို့ ယဉ်ကျေး။
အတာရေ သပြေပန်းရယ်နဲ့
ဖျန်းလို့စိုအေး။

❖ ဖျန်းလို့စို အေးချမ်းမြ
မွှေးလန်းလှ နိုင်ငံသာ၊
ကမ္ဘာမြေ သာစေကြောင်းရယ်နဲ့
သဟာဆွေ မာစေကြောင်းကိုလ
အခါနွေ အတာရေလောင်းပါလို့
ကောင်းကျိုးစည်ဖြာ၊
နှစ်ဦးရဲ့ မင်္ဂလာ
အစဉ်မကွာ ဆင်မြန်း။
စေတနာ အလှူပေါ်တယ်
ပြောစည်သံလွှမ်း။ ။

ရေနံ့သာ မောင်ကျော်ညွှန့်

ပေးအပ်ချီးမြှင့်

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ အကအလှ သဘာဝအလှပြ ယာဉ် အထူးဆုများ၊ ယိမ်းပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

၁၃၇၃ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ် ပိတ်ပွဲ အခမ်းအနား ကျင်းပစဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

ဆောက်လုပ်ရေး ဒုတိယဝန်ကြီး လေလုတံတားနှင့် လမ်းများစစ်ဆေး

နေပြည်တော် ဧပြီ ၁၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဧပြီ ၁၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ မော်တော်ယာဉ်ဖြင့် ထွက်ခွာ၍ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ထုံးဖိုလမ်းခွဲမှတစ်ဆင့် ပြင်ဦးလွင်-ကျောက်မဲ- သီပေါလမ်း၊ သီပေါ - ပန်လုံ - နမ့်ဆန်လမ်းတို့ကို ဆက်လက်စစ်ဆေးသည်။

ထို့နောက် သီပေါ-ပန်လုံ-နမ့်ဆန်လမ်းပေါ်ရှိ လေလုတံတား ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် တံတားကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက တံတားကြံ့ခိုင်ကောင်းမွန်ရေး အမြဲမပြတ် ကြည့်ရှုစစ်ဆေးရန်မှာကြားကာ ညပိုင်းတွင် နမ့်ဆန်မြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းရုံး၌ တာဝန်ရှိသူများအား တွေ့ဆုံ၍ သီပေါ-ပန်လုံ-နမ့်ဆန်လမ်း ရာသီမရွေး သွားလာနိုင်ရေး ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်ရန်မှာကြားသည်။

ဒုတိယဝန်ကြီးသည် ဧပြီ ၁၃ ရက် နံနက်ပိုင်းတွင် သီပေါမြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် သီပေါ-ပန်လုံ-နမ့်ဆန်လမ်းပေါ်ရှိ လေလုတံတားကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် အတာသင်္ကြန်မဏ္ဍပ် ဖျော်ဖြေတင်ဆက်သူများအား ဆုများချီးမြှင့်

ရန်ကုန် ဧပြီ ၁၆

၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၆ ရက် (သင်္ကြန်အတက်နေ့)နံနက် ၇နာရီမှ စတင်၍ ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ဧရာဝဏ်လမ်း (ကျောက်တိုင်ထိပ်) အရှေ့ပိုင်းခရိုင်ရှိ မြန်မာ့ရိုးရာအတာသင်္ကြန်ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံကျော်ရုပ်ရှင်၊ ဂီတအနုပညာရှင်များ၊ ယိမ်းအဖွဲ့များ၊ သံချပ်အဖွဲ့များ၊ မြန်မာ့အသံ၊ မြဝတီရုပ်သံဆုရ အဆိုတော်များက သီဆိုကပြဖျော်ဖြေကြရာ ပြည်သူများကလည်း အေးချမ်းပျော်ရွှင်စွာကြည့်ရှုအားပေး၍ ရေကစားခဲ့ကြသည်။ ထို့နောက် ပြည်သူများအား ကပြသီဆိုဖျော်ဖြေခဲ့ကြသော ရုပ်ရှင်ဂီတအနုပညာရှင်များ၊ သံချပ်အဖွဲ့နှင့် ယိမ်းအဖွဲ့များအား အရှေ့ပိုင်းခရိုင် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်၊ ဇနီး ဒေါ်မိုးသူတင့်နှင့် ကော်မတီဝင်များက ဆုငွေများ ချီးမြှင့်ကြသည်။ **(အောက်ပုံ)** ယင်းနောက် ကျင်းပရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်သူများက မြနန္ဒာသီချင်းဖြင့် သီဆိုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (၅၀၆)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၇-၄-၂၀၁၂ (အင်္ဂါနေ့)

၇း၀၀ ပရိတ်တရားတော်
၇း၄၀ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ အဖွဲ့ဝင်ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရဇ ဟောကြားတော်မူအပ်သော "နှစ်သစ်ကူးနှစ်ဦးမင်္ဂလာ" တရားတော်
၈း၂၀ ခါသင်္ကြန်အဆိုအကများ
၈း၄၅ ဒေါက်တာအရှင်ဉာဏိဿရ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ) သဒ္ဓမ္မသီတဂူချောင်၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း
၄း၁၀ သံဃာတော်အပါး ၅၀၀၀ က ချီးမြှင့်သောပရိတ်တရားတော်
၄း၅၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅း၁၅ ခါသင်္ကြန်အဆိုအကများ
၅း၃၀ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော် သံစုံတီးဝိုင်း ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
၆း၂၀ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၇း၀၀ ဆိုလိုက်ကြစို့
၇း၃၀ ရွှေတောင်မြို့ ကျီးသဲလေးထပ်ဆရာတော်ကြီး၏ ပကိဏ္ဏကနမက္ကာရ အစိန္တေယျဘုရားရှိခိုးကြီး (ဒါရိုက်တာ-ဦးသုခ၊ မောင်နှင်းမိုး)
၈း၀၀ ပြည်တွင်းသတင်း -မြန်မာ့ရိုးရာ နှစ်သစ်မင်္ဂလာပွဲတော် -သာသနာ့အမွေခံ -မြတ်ဗုဒ္ဓမဖြိမ၏ အနှိုင်းမဲ့ရတနာ

ကမ္ဘာ့ဘဏ်အကြီးအကဲသစ်ရွေးချယ်ရေး ဒါရိုက်တာများ တွေ့ဆုံစည်းဝေး

ဝါရှင်တန် ဧပြီ ၁၆

ကမ္ဘာ့ဘဏ်အကြီးအကဲသစ်ကို ရွေးချယ်နိုင်ရေးအတွက် ဆုံးဖြတ်နိုင်ရန် အဆိုပါ အဖွဲ့အစည်း၏ ဒါရိုက်တာများသည် ဧပြီ ၁၆ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း အမေရိကန်သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ဘဏ်အကြီးအကဲရာထူးနေရာကို အမေရိကန်နိုင်ငံ လိုလားထောက်ခံသူက ရယူနိုင်ဖွယ်ရှိသည်ဟု အများက မျှော်လင့်လျက်ရှိကြသည်။

အမေရိကန်နိုင်ငံက အမည်စာရင်းတင်သွင်းခဲ့သူမှာ ကိုရီးယားလူမျိုး အမေရိကန်နိုင်ငံသား သမားတော်ကြီး ဂျင်ယောင်ကင်ဖြစ်သည်။

ကမ္ဘာ့ဘဏ်၏ အစုရှယ်ယာများကို အဓိက ထိန်းချုပ်ထားသော အမေရိကန်၊ ဥရောပနှင့် ဂျပန်နိုင်ငံတို့က ၎င်းကို ထောက်ခံမည်ဟု မျှော်လင့်ရသည်။

ဂျင်ယောင်ကင်အား အဓိက ယှဉ်ပြိုင်မည့်သူနှစ်ဦးအနက် တစ်ဦးဖြစ်သူ ကိုလံဘီယာဘဏ္ဍာရေးဝန်ကြီး ဟိုဆေးအန်ထော်နီယိုအိုကမ်ပိုသည် ဧပြီ ၁၃ရက်က ရွေးချယ်ပွဲမှ နုတ်ထွက်သွားခဲ့သည်။ ကမ္ဘာ့ဘဏ်အကြီးအကဲ ရွေးချယ်ရေးလုပ်ငန်းစဉ်မှာ နိုင်ငံရေးဆန်သည်ဟု ၎င်းက ဝေဖန်ပြောကြားခဲ့သည်။

ယခုအခါ ဂျင်ယောင်ကင်အား အဓိကယှဉ်ပြိုင်မည့်ပုဂ္ဂိုလ်မှာ နိုင်ဂျီးရီးယားဘဏ္ဍာရေးဝန်ကြီး ငိုဇီအိုကွန်ဂျိုအီဝီလာဖြစ်သည်။ **အင်တာနက်။**

ပြည်တွင်းဘဏ္ဍာရေးပြဿနာကြုံတွေ့ချိန် ဆင်ဖမ်းထွက်သည့်စပိန်ဘုရင် ဝေဖန်ခံရ

မဒရစ် ဧပြီ ၁၆

ပြည်တွင်း၌ ဘဏ္ဍာရေးဆိုင်ရာပြဿနာများ တွေ့ကြုံနေရစဉ် အာဖရိကတိုက် ဘော့ဆွာနာနိုင်ငံသို့ ငွေကုန်ကြေးကျများသော ဆင်ဖမ်းခရီးစဉ်တစ်ရပ်ထွက်ခဲ့သည့် အသက် (၇၄) နှစ်အရွယ် စပိန်ဘုရင် ဂျူအန်ကားလို့စ်မှာ ဝေဖန်ပြစ်တင်မှုများ ခံနေရကြောင်း ဧပြီ ၁၅ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဆင်ဖမ်းခရီးစဉ်အတွင်း ဘုရင်ဂျူအန်ကားလို့စ်သည် မတော်တဆမှုတစ်ခုနှင့် ရင်ဆိုင်ခဲ့ရပြီး ခွဲစိတ်ကုသမှုခံယူရသည့် အဆင့်ထိ ရောက်ရှိခဲ့ရာ ဝေဖန်သံများပိုမိုကျယ်လောင်လာခဲ့ကြောင်း သိရသည်။

စပိန်ဘုရင် ဂျူအန်ကားလို့စ်၏ ဘော့ဆွာနာနိုင်ငံသို့ ဆင်ဖမ်းခရီးထွက်စဉ် သုံးစွဲခဲ့သောကုန်ကျစရိတ်နှင့်စပ်လျဉ်း၍ စပိန်နိုင်ငံထုတ်သတင်းစာများက အထူးတလည်ဖော်ပြခဲ့ကြသည်။

ဆင်တစ်ကောင်ကို သတ်ဖြတ်ရန်အတွက် ဘော့ဆွာနာနိုင်ငံသို့ သွားရောက်ရသည့် ခရီးစဉ်ကုန်ကျစရိတ်မှာ ပုံမှန်အားဖြင့် ယူရိုငွေ ၄၄၀၀၀ ထိ ရှိတတ်ရာ စပိန်ပြည်သူတစ်ဦး၏ နှစ်စဉ်ပျမ်းမျှ လစာငွေထက် နှစ်ဆပိုများကြောင်း စပိန်နိုင်ငံထုတ် နာမည်ကျော်သတင်းစာတစ်စောင်တွင် တင်ပြထားသည်။

စပိန်ဘုရင် ဂျူအန်ကားလို့စ်၏ တာဝန်ဝတ္တရားများကို အသက် (၄၄) နှစ်အရွယ်ရှိ သားတော် ဖိလစ်မင်းသားက ယာယီ ရယူထားသည်။ အင်တာနက်။

ထိုင်းနိုင်ငံ၏ ဆွန်ခရန်ရိုးရာရေသဘင်ပွဲတော်၌ ပြည်သူများ ပါဝင်ဆင်နွှဲနေကြသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ထိုင်းနှစ်သစ်ကူးရေသဘင်ပွဲတော်ကာလအတွင်း လမ်းပေါ် မတော်တဆဖြစ်မှုများကြောင့် ၂၅၃ ဦးသေဆုံး

ဗန်ကောက် ဧပြီ ၁၆

ထိုင်းနိုင်ငံတစ်ဝန်းလုံးတွင် ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ဆင်နွှဲနေသည့် ဆွန်ခရန်နှစ်သစ်ကူးရေသဘင်ပွဲတော်၏ ပထမ ငါးရက်အတွင်း လမ်းပေါ် မတော်တဆဖြစ်မှုများကြောင့် သေဆုံးရသူဦးရေ ၂၅၃ ဦးရှိပြီဖြစ်ကြောင်း သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးနှင့် လျော့ပါးရေးဌာန၏ လမ်းများဆိုင်ရာဘေးအန္တရာယ်ကင်းရှင်းရေးဌာနက ထုတ်ပြန်ကြေညာသည်။

ဧပြီ ၁၅ ရက်အထိ လမ်းပေါ်မတော်တဆဖြစ်မှုပေါင်း ၂၅၈၁ မှုဖြစ်ပွားခဲ့ပြီး ထိခိုက်ဒဏ်ရာရသူ ၂၇၅၁ ဦးရှိခဲ့သည်။ ယင်းနေ့တစ်နေ့တည်းမှာပင် လမ်းပေါ်မတော်တဆမှု ၄၄၇ ကြိမ်ဖြစ်ပွားခဲ့ပြီး ၄၃ ဦးသေဆုံးခဲ့ရကာ ဒဏ်ရာရသူ ၄၆၃ ဦးရှိခဲ့သည်။

လမ်းပေါ် မတော်တဆဖြစ်မှုများကြောင့် လူအသေအပျောက်အများဆုံး ပြည်နယ်များမှာ နာခွန်စီသမ်မရက်ပြည်နယ်နှင့် ဆူရတ်သာနီပြည်နယ်တို့ဖြစ်ပြီး ယင်းပြည်နယ်များ၌ သေဆုံးသူ ၁၀ ဦးစီရှိသည်။ ထိခိုက်ဒဏ်ရာရသူဦးရေအများဆုံးမှာ ချင်းရိုင်ပြည်နယ်ဖြစ်ကာ လူ ၁၀၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ရေသဘင်ပွဲတော်ရက်များအတွင်း လမ်းပေါ် မတော်တဆမှု လုံးဝဖြစ်ပွားခြင်းမရှိသည့်ပြည်နယ်မှာ နောင်ဘူအာလမ်ဖူပြည်နယ်ဖြစ်ပြီး အခြားပြည်နယ် ၁၂ ခုတွင်လည်း လမ်းပေါ် မတော်တဆဖြစ်မှုများကြောင့် လူအသေအပျောက်မရှိခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။

အရက်သေစာသောက်စားကာ ယာဉ်မောင်းနှင်ခြင်းများသည် လမ်းပေါ်မတော်တဆဖြစ်မှုများ၏ အဓိကအကြောင်းရင်းဖြစ်ပြီး ယာဉ်မတော်တဆဖြစ်မှုများ၏ ၄၂ ရာခိုင်နှုန်းမှာ ယင်းကြောင့်ဖြစ်ရသည်ဟုဆိုသည်။ ထို့ပြင် ယာဉ်ကို အရှိန်ပြင်းစွာ မောင်းနှင်မှုကြောင့် မတော်တဆဖြစ်ရပ်များဖြစ်ပွားမှုမှာ ၂၁ ရာခိုင်နှုန်းရှိသည်။

အင်တာနက်။

လူ ၇၇ ဦးအား သတ်ဖြတ်ခဲ့သူ လက်ယာစွန်းအကြမ်းဖက်သမား နော်ဝေ၌ ရုံးတင်စစ်ဆေးပြီ

အော်စလို ဧပြီ ၁၆

နော်ဝေနိုင်ငံ၌ လက်ယာစွန်းရောက်အကြမ်းဖက်သမား အင်းဒရက်စ်ဘီရင်းဘရီဘစ်အား ရုံးတင်စစ်ဆေးမှုကို ဧပြီ ၁၆ ရက်တွင် စတင်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဘရီဘစ်သည် ၂၀၁၁ ခုနှစ် ဇူလိုင်လက နော်ဝေနိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုနှစ်ရပ်ကိုကျူးလွန်ခဲ့ရာ လူပေါင်း ၇၇ ဦး သေဆုံးခဲ့ရသည်။

ဘရီဘစ်သည် စိတ်မနှံ့သူတစ်ဦးဟုတ်၊ မဟုတ် တာဝန်ရှိသူများက စုံစမ်းစစ်ဆေးဖော်ထုတ်သွားမည်ဖြစ်သည်။

ဘရီဘစ်အား တရားရုံးတင် ကြားနာစစ်ဆေးမှုပြုလုပ်နေချိန်အတွင်း လုံခြုံရေးကို တင်းကျပ်ထားသည်။

အော်စလိုမြို့ရှိ ခရိုင်တရားရုံး၌ ဘရီဘစ်အားရုံးတင်စစ်ဆေးမှုကို သတင်းရယူရန် သတင်းထောက်များ စုဝေးရောက်ရှိလာခဲ့ကြသည်။

မိမိသည် လူအမြောက်အမြားအား အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ခြင်းမှာ ရက်စက်ကြမ်းကြုတ်ရာရောက်ကြောင်း၊ သို့ရာတွင် နော်ဝေနိုင်ငံအတွင်းသို့ တိုင်းခြားယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်လာမှုကို ခွင့်ပြုပေးသော သစ္စာဖောက်များ၏ ဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန် ယင်းကဲ့သို့တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိသည် တစ်ဦးတည်းပြစ်မှုကျူးလွန်ခဲ့ပြီး မိမိလုပ်ရပ်အတွက် အပြစ်မရှိကြောင်း ၎င်းကပြောကြားသည်။

အင်တာနက်။

အမေရိကန်နှင့် ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များ ပူးတွဲစစ်ရေးလေ့ကျင့်လျက်ရှိသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်သမ္မတများအား ဆုငွေထုတ်ပြန်ခဲ့သူ သူကောင်းမျိုးတစ်ဦး ဗြိတိသျှလေဘာပါတီက ပါတီဝင်အဖြစ်မှ ယာယီထုတ်ပယ်

လန်ဒန် ဧပြီ ၁၆

အမေရိကန်သမ္မတ ဘားရက်အိုဘားမားအား ဖမ်းဆီးပေးပါက ဆုတော်ငွေ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၉ သန်း (ပေါင်စတာလင် ၁၀ သန်း) ပေးအပ်ရန် ကမ်းလှမ်းခဲ့သည်ဆိုသောသတင်းများ ထွက်ပေါ်လာပြီးနောက် ပါကစ္စတန်နွယ်ဖွား ဗြိတိသျှပါလီမန်အထက်လွှတ်တော်အမတ် သူကောင်းမျိုးဝင်တစ်ဦးကို ဗြိတိသျှလေဘာပါတီက ပါတီဝင်အဖြစ်မှ ယာယီထုတ်ပယ်ထားပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် စီစဉ်ထားကြောင်း ဧပြီ ၁၆ ရက်သတင်းများတွင် ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံထုတ် အိတ်စပရက်စ်ထရီဗြူန်းသတင်းစာ၏ အဆိုအရ လော့ဒ်နက်ဇာအာမက်အမည်ရှိ အဆိုပါသူကောင်းမျိုးဝင် လွှတ်တော်အမတ်**(အပေါ်ပုံ)**သည် အမေရိကန်သမ္မတဟောင်း ဂျော့ဂျ်ဒဗလျူဘုရှ်အား ဖမ်းဆီးပေးပါကလည်း ဆုတော်ငွေ ပေါင်စတာလင် ၁၀ သန်း ပေးအပ်မည်ဟူ၍ ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

အကြမ်းဖက်သမားအဖြစ်ယူဆရသူ ဟာဖစ်ဇ်မူဟာမက် ဆာအစ်ဒ်ဆိုသူအား ဖမ်းဆီးနိုင်ရေးအတွက် အမေရိကန်ပြည်ထောင်စုက ဆုတော်ငွေထုတ်ပြန်ခဲ့သည်ကို တုံ့ပြန်သည့်အနေဖြင့် လော့ဒ်အာမက်က အထက်ပါအတိုင်း လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ဟာဖစ်ဇ်မူဟာမက် ဆာအစ်ဒ်သည် လက်ရှ်ကာအီးတိုင်ဘာအမည်ရှိ ပါကစ္စတန်အစွန်းရောက်အုပ်စု တစ်စုအား စတင်တည်ထောင်ခဲ့သူဖြစ်ပြီး ၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သော လူပေါင်း ၁၁၆ ဦးသေဆုံးခဲ့ရသည့် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ အကြမ်းဖက်တိုက်ခိုက်မှုအတွက် တာဝန်ရှိသူတစ်ဦးအဖြစ် သတ်မှတ်ခံထားရသူဖြစ်သည်။

အမေရိကန်သမ္မတများအား ဆုငွေထုတ်ပြန်ခဲ့သည်ဟူသော သတင်းများကို လော့ဒ်အာမက်က ငြင်းဆိုခဲ့သော်လည်း အီရတ်နှင့် အာဖဂန်စစ်ပွဲများနှင့်ပတ်သက်၍ အမေရိကန်သမ္မတဟောင်း ဂျော့ဂျ်ဒဗလျူဘုရှ်နှင့် ဗြိတိန်ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲတို့အား ဝေဖန်ခဲ့သည်။ အင်တာနက်။

ဖိလစ်ပိုင်နှင့် အမေရိကန်တပ်ဖွဲ့ဝင်များ ရက်သတ္တနှစ်ပတ်ကြာ စစ်ရေးလေ့ကျင့်မှုစတင်

မနီလာ ဧပြီ ၁၆

ဖိလစ်ပိုင်နှင့် အမေရိကန်နိုင်ငံတို့မှ တပ်ဖွဲ့ဝင် ၇၀၀၀ ခန့်သည် ရက်သတ္တနှစ်ပတ်ကြာမြင့်မည့် စစ်ရေးလေ့ကျင့်မှုကို စတင်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဧပြီ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

မိမိတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် တရုတ်နိုင်ငံကို ရည်ရွယ်ခြင်းမရှိကြောင်း အမေရိကန်နှင့် ဖိလစ်ပိုင်စစ်ဘက်တာဝန်ရှိသူများက ပြောကြားကြသည်။

"ဘာလီခါတန်"ဟု အမည်ပေးထားသော ပူးတွဲစစ်ရေးလေ့ကျင့်မှုမှာ နှစ်စဉ်ပြုလုပ်သည့် စစ်ရေးလေ့ကျင့်မှုအစီအစဉ်တစ်ရပ်ဖြစ်ကြောင်း ဖိလစ်ပိုင်ကြည်းတပ်မှ ဗိုလ်မှူးအီမာနျူယယ်ဂါစီယာက ပြောကြားသည်။

သဏ္ဌာန်လုပ် သရုပ်ဆောင်

ဘာလီခါတန် ဝေါဟာရမှာ ရင်ပေါင်တန်းလျက်ဟု အဓိပ္ပာယ်ရရှိသည်။ ပူးတွဲစစ်ရေးလေ့ကျင့်မှုအတွင်း တိုက်ခိုက်ရေးနည်းဗျူဟာများကို သဏ္ဌာန်လုပ် သရုပ်ဆောင်ကာ လေ့ကျင့်ခဲ့ကြကြောင်း၊ သဘာဝဘေးအန္တရာယ် တုံ့ပြန်ရေး လေ့ကျင့်မှုများနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ လေ့ကျင့်မှုများကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း အမေရိကန်မရိန်းတပ်ဖွဲ့ ဒုတိယဗိုလ်မှူးကြီး ကားတစ်ဟီးလ်ကပြောကြားသည်။

တောင်တရုတ်ပင်လယ်အနီး အမေရိကန်တပ်ဖွဲ့ဝင်များ ပါဝင်ပတ်သက်နေသော စစ်ရေးလေ့ကျင့်မှုပြုလုပ်ခြင်းနှင့် ပတ်သက်၍ တရုတ်အစိုးရကကန့်ကွက်ခဲ့သည်။ **အင်တာနက်။**

ဖိလစ်ပိုင်၌ ကြက်ပွဲအတွင်းသို့ လက်ပစ်ဗုံးပစ်သွင်း သုံးဦးသေဆုံး

မနီလာ ဧပြီ ၁၆

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် ကြက်ဝိုင်းအတွင်းသို့ လက်ပစ်ဗုံးတစ်လုံး ပစ်သွင်းလိုက်သည့်အတွက် သုံးဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိသွားကြောင်း ဧပြီ ၁၅ ရက် ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

မြောက်ကာတိုဘာတိုပြည်နယ် အယ်လ်လီယိုဆန်မြို့ရှိ လူစည်ကားရာ ကြက်ပွဲအတွင်းသို့ အမျိုးသားတစ်ဦးက လက်ပစ်ဗုံးဖြင့် ပစ်ပေါက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

ယင်းသို့ပြုလုပ်ခြင်း၏အကြောင်းရင်းမှာ ပုဂ္ဂိုလ်ရေးမကျေနပ်မှုဖြစ်ဖွယ်ရာရှိကြောင်း တာဝန်ရှိသူများက ပြောသည်။ ကြက်တိုက်ပွဲမှာ ဖိလစ်ပိုင်နိုင်ငံ၌ အထူးရေပန်းစားလျက်ရှိပြီး ကြက်နှစ်ကောင်ခွပ်ခြင်း၏ အနိုင်အရှုံးကို လောင်းကြေးထပ်ရန် လူအများက စိတ်ဝင်စားလျက်ရှိကြသည်။

လက်ပစ်ဗုံးဖြင့်ပစ်သူသည် ဒေသခံအရပ်သားတစ်ဦးဖြစ်ကြောင်း ကြက်ပွဲလာရောက်ကြည့်ရှုသူများက ပြောကြားသည်။

အဆိုပါအရပ်သားသည် ယခင်ကြက်ပွဲများ၌ ငွေကြေးဆုံးရှုံးခဲ့သူဖြစ်ပြီး ၎င်း၏ ရှုံးကြေးများကို ပြန်လည်ရယူလိုသူဖြစ်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ **အင်တာနက်။**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းနှင့်အဖွဲ့ မလေးရှားနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် ဧပြီ ၁၆

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ Putra World Trade Center ၌ ကျင်းပသည့် (၁၃)ကြိမ်မြောက် Defence Services Asia Exhibition and Conference - 2012 (DSA-2012) ပြပွဲသို့ တက်ရောက်ရန် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၁၅ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးနှင့် တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးသိန်းနှင့် တပ်မတော်အရာရှိကြီးများ လိုက်ပါသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၁၃၇၃ ခုနှစ် မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ် ဆုပေးပွဲကျင်းပ

နေပြည်တော် ဧပြီ ၁၆

မြန်မာသက္ကရာဇ် ၁၃၇၃ခုနှစ် မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ဆုပေးပွဲအခမ်းအနားကို ယနေ့ည ၈ နာရီက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးရှိ အဆိုပါ မဏ္ဍပ်၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်အားပေးပြီး ဆုများချီးမြှင့်သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး ဒေါ်မြတ်ငွေ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ အဖွဲ့အစည်းဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ တွဲဖက်အတွင်းရေးမှူး၊ ဌာနမှူးများနှင့်၎င်းတို့၏ဇနီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ရုပ်ရှင်နှင့် ဂီတသဘင်အနုပညာရှင်များ၊ မြို့တော်စည်ပင် သင်္ကြန်လှုပ်ရှားမှုဖြူ ယိမ်းအဖွဲ့ဝင်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများ၊ မြို့တော်သူ၊ မြို့တော်သားများ တက်ရောက်ကြသည်။

အလှုပြယာဉ်များအား ဆုများပေးအပ်ချီးမြှင့်ရာ ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးက နှစ်သိမ့်ဆု (၆)ရ တေးလွင်အလှုပြယာဉ်၊ နှစ်သိမ့်ဆု (၅)ရ ရမည်းသင်းခရိုင်ကိုယ်စားပြု ရွှေသင်းမောင်၊ နှစ်သိမ့်ဆု (၄)ရ ကျောက်ဆည်ခရိုင်ကိုယ်စားပြု ရဲရွှာရွှေအောင်လံ အလှုပြယာဉ်၊ နှစ်သိမ့်ဆု (၃)ရ ညောင်ဦးခရိုင် ကိုယ်စားပြု ပုဂံရွှေပြည် အလှုပြယာဉ်၊ နှစ်သိမ့်ဆု(၂)ရ ပြင်ဦးလွင်ခရိုင်ကိုယ်စားပြု ပန်းမြို့သူ အလှုပြယာဉ်၊ နှစ်သိမ့်ဆု (၁)ဆုရ မြင်းခြံခရိုင်ကိုယ်စားပြု ရွှေစွန်မေအလှုပြယာဉ်တို့အား ဂုဏ်ပြုဆုငွေကျပ် ခုနစ်သိန်းစီတို့ကို လည်းကောင်း အခမ်းအနားတွင် မန္တလေးမြို့တော်ဝန် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး ဦးအောင်မောင်းနှင့် တာဝန်ရှိသူတို့က ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က အလှုပြယာဉ် တတိယဆုရ မိတ္ထီလာခရိုင် ကိုယ်စားပြု ထီလာမေအလှုပြယာဉ်အား ဆုဖလားနှင့် ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆုရ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များ အသင်းကိုယ်စားပြု စံနန်းမန္တလာ အလှုပြယာဉ်အား ဆုဖလားနှင့် ငွေကျပ် ၁၂ သိန်း၊ ပထမဆုရ မန္တလေးခရိုင် ကိုယ်စားပြု မြနန်းမန္တလာအလှုပြယာဉ် အား ပထမဆုဖလားနှင့်ငွေကျပ် ၁၅ သိန်း တို့ကို ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးက ပြိုင်ပွဲဝင်ခရိုင်ကိုယ်စားပြု အလှုပြယာဉ် ခုနစ်စီးအား တစ်စီးလျှင် ကျပ်သိန်း ၂၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၁၄၀ ထပ်မံချီးမြှင့်ခဲ့သည်။

ထို့နောက် အလှုပြယာဉ်ပထမဆု ရရှိသော မန္တလေးခရိုင် ကိုယ်စားပြု မြနန်းမန္တလာအလှုပြယာဉ်က ဦးဆောင်၍ ဆုရရှိသည့်အစီအစဉ်အတိုင်း ကပြဖျော်ဖြေပြီး အခြားဆုရရှိကြသော အလှုပြယာဉ်များက မန္တလေးမြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်ရှေ့မှ ဖြတ်သန်း၍ သီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ဆက်လက်၍ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ အနုပညာရှင်များနှင့် မြို့တော်စည်ပင် သင်္ကြန်လှုပ်ရှားမှုဖြူ ယိမ်းအဖွဲ့တို့ကလည်း သင်္ကြန်တေး၊ သင်္ကြန်အက၊ ခေတ်ပေါ်တေးသီချင်းများဖြင့် ပြန်လည်ဖျော်ဖြေကြရာ မန္တလေးမြို့တော်သူ၊ မြို့တော်သားများက ပျော်ရွှင်မြူးကြွစွာ ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ည ၁၂ နာရီတွင် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် ပထမဆုရ မန္တလေးခရိုင် ကိုယ်စားပြု မြနန်းမန္တလာအလှုပြယာဉ်အား ဆုဖလားကို ပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

မဏ္ဍပ်ပိတ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့တော်ဝန် စည်ပင်သာယာရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မောင်းက မန္တလေးမြို့တော်သူ၊ မြို့တော်သားများအား နှစ်သစ်မင်္ဂလာနှုတ်ခွန်းဆက်စကားပြောကြားပြီး ၁၃၇၃ ခုနှစ် မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အခမ်းအနားကို ပိတ်သိမ်းလိုက်ကာ ၁၃၇၄ ခုနှစ် နှစ်သစ်အား အတာရေအိုးများဖြင့် မင်္ဂလာရှိစွာကြိုဆိုခဲ့ကြကြောင်း သိရသည်။

ထို့နောက် ၁၃၇၃ ခုနှစ် မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အခမ်းအနားကို ပိတ်သိမ်းလိုက်သည်နှင့် တစ်ပြိုင်တည်း ရောင်စုံစက္ကူအလှများနှင့် ရောင်စုံမီးရှူးပန်းများ ပစ်ဖောက်၍ နှစ်သစ်ကို ကြိုဆိုပြီး မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မောင်းနှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များ၊ ရုပ်ရှင်ဂီတအနုပညာရှင်များ၊ မြို့တော် စည်ပင်ယိမ်းအဖွဲ့မှ လှုပ်ရှားမှုဖြူလေးများသည် မန်းတောင်ရိပ်ခိုသီချင်းကို စုပေါင်းသီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး မဟာသင်္ကြန်ပွဲ ပါဝင်ဆင်နွှဲ

နေပြည်တော် ဧပြီ ၁၆

ကချင်ပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို အစဉ်အလာမပျက် နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်တွင် မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်အပြင် ပြည်နယ်ဝန်ကြီးဌာနကိုးခုတို့၏ မဏ္ဍပ်များ၊ ဌာနဆိုင်ရာ မဏ္ဍပ်များနှင့် ကုမ္ပဏီမဏ္ဍပ်များ ဆောက်လုပ်၍ ယိမ်းအဖွဲ့များ၊ တေးသံရှင်များ၊ ရေကစားသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းနှင့် ဇနီး ဒေါ်ကံဆီးဆိုင်းလုံတို့သည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများ၊ အထူးဖိတ်ကြားထားသူများ လိုက်ပါလျက် မဟာသင်္ကြန်အကျနေ့ ဧပြီ ၁၃ ရက်တွင် မြစ်ကြီးနားမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနနှင့် မနောရွှေရည် (အေရှားဝေါလ်) မဏ္ဍပ်တို့သို့ လည်းကောင်း၊ မဟာသင်္ကြန်အကြတ်နေ့ ဧပြီ ၁၄ ရက်တွင် လူမှုရေးဝန်ကြီးဌာန၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာနနှင့် ထူးကုမ္ပဏီလီမိတက် မဏ္ဍပ်တို့သို့ လည်းကောင်း သွားရောက်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ပါဝင်ဆင်နွှဲကာ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ယခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် ယမန်နှစ်ကထက် ရေသဘင်မဏ္ဍပ်များ ပိုမိုများပြားပြီး အေးချမ်းပျော်ရွှင်စွာ အတာရေသဘင်ပွဲတော်ကို ဆင်နွှဲကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြစ်ကြီးနားမြို့ရှိ ရေကစားမဏ္ဍပ်များ၌ သင်္ကြန်ချစ်သူပြည်သူများ မဟာသင်္ကြန်ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲကြစဉ်။
(သတင်းစဉ်)

ပျော်ရွှင်စွာ ဆင်နွှဲ မြန်မာ့ရိုးရာ သင်္ကြန်ပွဲ

နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓဝင်အကျဉ်းချုပ်နှင့် ရှင်းလင်းချက်များ

စာရေးသူ S.S ခင်မောင်အေး ရေးသားပူဇော်သည့် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်အကျဉ်းချုပ်နှင့် ရှင်းလင်းချက်များ စာအုပ်ကို ပညာဗိမာန် (ပညာချွန်) စာအုပ်တိုက်က တန်ဖိုးငွေကျပ် ၃၀၀ ဖြင့် ဖြန့်ချိလိုက်သည်။

ဂင်္ဂါ ဝါဠု သဲစုမက ပွင့်တော်မူကြကုန်သော ဘုရားရှင်တို့အား ရေတွက်ကြည့်သော် လွန်ခဲ့သော လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလအတွင်း၌ ဘုရားရှင်ပေါင်း ၂၈ ဆူပွင့်တော်မူခဲ့ကြောင်း ဂေါတမဘုရားရှင်က ဟောတော်မူခဲ့ရာ ယခုစာအုပ်တွင် ပွင့်တော်မူခဲ့ပြီးသည့် နှစ်ကျိပ်ရှစ်ဆူကုန်သော သဗ္ဗညု မြတ်စွာဘုရားရှင်တို့၏ ပွင့်တော်မူရာကမ္ဘာ၊ ပွင့်တော်မူရာ ဗောဓိပင်၊ ဒုက္ကရစရိယာကျင့်ရသော အချိန်ကာလ စသည်တို့ကိုလေ့လာပွားများနိုင်ရန်အတွက် ရေးသားပူဇော်ထားသည်။

ဦးအောင်ထွန်း(ကျိုက္ခမီ)၏ အညတရ သက်ကျားအိုတစ်ဦးရဲ့ ဖြတ်သန်းခဲ့ရတစ္စေတစောင်းဘဝအတွေ့အကြုံမှတ်တမ်းများ စာအုပ်ထွက်ရှိ

စာရေးသူ ဦးအောင်ထွန်း(ကျိုက္ခမီ)၏ အညတရ သက်ကျားအိုတစ်ဦးရဲ့ ဖြတ်သန်းခဲ့ရတစ္စေတစောင်း ဘဝအတွေ့အကြုံမှတ်တမ်းများစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်းသိရသည်။

စာရေးသူက ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေး၊ နိုင်ငံရေးနှင့် စီးပွားရေး၊ လုပ်ငန်းအတွေ့အကြုံ၊ ဖြတ်သန်းခဲ့ရာဘဝအပေါ် သုံးသပ်ချက်၊ ဘဝ၏နိဂုံး နေဝင်ချိန် စသည်ဖြင့် အခန်း (၁၀)ခန်းခွဲ၍ ဘဝအတွေ့အကြုံများကို ဖောက်သည်ချထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို သင်းစာပေတိုက် ကမာရွတ်မြို့နယ် ရန်ကုန်မြို့က ထုတ်ဝေဖြန့်ချိပြီး စာအုပ်တန်ဖိုး ငွေကျပ် ၂၅၀၀ ဖြစ်သည်။

သတင်းလောကကိုဖြတ်သန်းခြင်းစာအုပ် ထွက်ရှိ

သတင်းစာလောကတွင် နှစ်ပေါင်း(၅၀) ကျော်ကြာ ဖြတ်သန်းကျင်လည်ရင်း သတင်းစာလောက၌ တွေ့ကြုံခဲ့ရသည့် အတွေ့အကြုံများကို ပြန်လည်ရေးသားထားသည့် သတင်းစာဆရာ၊ စာရေးဆရာဖိုးညဏ်၏ "သတင်းလောကကို ဖြတ်သန်းခြင်း" စာအုပ်ကို မဇ္ဈိမစာပေမှ ဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါစာအုပ်တွင် ရတနာပုံခေတ် မင်းတုန်းမင်းတရားကြီး၏ အမိန့်တော်ဖြစ်သည့် "ငါမကောင်းလျှင် ငါ့ကိုရေး၊ ငါ့မိဖုရားမကောင်းလျှင် မိဖုရားကိုရေး၊ ငါ့သားသမီးမကောင်းလျှင် သားသမီးကိုရေး၊ တရားသူကြီး မကောင်းလျှင် တရားသူကြီးကိုရေး၊ မြို့တော်ဝန်မကောင်းလျှင် မြို့ဝန်ကိုရေး၊ မင်းတို့ သတင်းစာ၌ အပြစ်မရှိစေရ၊ နန်းတော်တွင်းသို့ သတင်းစာတိုက်က မည်သူမဆို အဆီးအတားမရှိ ဝင်ထွက်စေ. . ." ဆိုသည့် စာမျက်နှာဖြင့် စာအုပ်ကို စဖွင့်ထားသည်။

အနာဂတ်သတင်းစာလောကအတွက် မရှိမဖြစ်စာအုပ်ကောင်းတစ်အုပ်ကို မဇ္ဈိမစာပေ ဖြန့်ချိရေး အမှတ်(၂၃၇) ၃၉လမ်း (ပထမထပ်-ဝဲ) အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့-ဖုန်း-၃၉၂၈၃၅ မှ ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

ဒေါက်တာချစ်၏ သီးနှံဈေးကွက်တိုးချဲ့ဖို့ တာရှည်ခံအောင်လုပ်ကြစို့ စာအုပ်ထွက်ရှိ

စာရေးသူ ဒေါက်တာချစ်(ထပ်ဆင့်အမျိုးသားစာပေဆုရ)၏ သီးနှံဈေးကွက်တိုးချဲ့ဖို့ တာရှည်ခံအောင် လုပ်ကြစို့ စာအုပ်ကို မုဒုံစာပေ ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့က ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

စာရေးသူက မြန်မာနိုင်ငံတွင် ဒေသအလိုက်ဖြစ်စေ၊ ရာသီအလိုက်ဖြစ်စေ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများမလုံမလောက်ဖြစ်ပြီး ဈေးနှုန်းကြီးမြင့်မှုဒဏ်ကို စားသုံးသူများခံကြရကြောင်း၊ သီးနှံများပေါ်ချိန်တွင်လည်း စားသုံးမှုထက်ပိုလျှံ၍ ဈေးနှုန်းကျဆင်းခြင်း၊ အလေအလွင့်ဖြစ်ခြင်း၊ ပျက်စီးဆုံးရှုံးခြင်းဒဏ်ကို တောင်သူလယ်သမားနှင့် ကုန်သည်ပွဲစားတို့ခံကြရပြန်ကြောင်း၊ စားသုံးမှုလိုအပ်ချက်ကို ဖြည့်ဆည်းပေးရာတွင် ဒေသဖူလုံရေးသာမက တစ်နိုင်ငံလုံးအတွက်ပါ စဉ်းစားရန်လိုအပ်ကြောင်း။

ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ပျိုးသူတောင်သူများသည် နေ့အခါ လယ်ယာမြေတွင် အလုပ်လုပ်ကိုင်ကြပြီး ညအချိန်တွင် တာရှည်ခံအောင် ပစ္စည်းများ ထုတ်လုပ်ခြင်းဖြင့် အလုပ်အကိုင်များရရှိပြီး ဝင်ငွေပါတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့အပြင် စိုက်ပျိုးထုတ်လုပ်သော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများပေါ်များပြီး ဈေးနှုန်းကျဆင်းမှုဒဏ်နှင့် အလေအလွင့်ပျက်စီးဆုံးရှုံးမှုဒဏ်တို့မှ လွတ်ကင်းမည်ဖြစ်သဖြင့် တာရှည်ခံလုပ်နည်းစာအုပ်ကို ရေးသားပြုစုရခြင်းဖြစ်ကြောင်းဖြင့် ၎င်း၏ စေတနာကို ထင်ဟပ်ပြသထားသည်။

ယင်းစာအုပ်တွင် ဆွတ်ခူးရိတ်သိမ်းအရည်အသွေးကိုထိန်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံအခြောက်လှန်းခြင်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို အအေးခန်းတွင် သိုလှောင်ခြင်း၊ ဟင်းသီးဟင်းရွက်အချဉ်တည်ခြင်း၊ သစ်သီးဝလံတာရှည်ခံစေဖို့ ပရိဆာဖွဲ့လုပ်ကြစို့ စသည်ဖြင့် အခန်းခွဲများအလိုက် အသေးစိတ်ရှင်းလင်းရေးသားထားပြီး တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၄၅၀၀ ဖြင့် ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

နှစ်သစ်အကူး ထူးသည့်မင်္ဂလာ

ပေထွက်းဇော် - ရေစကြို

ရာသီစက်ဝန်းသည် သဘာဝတရားနှင့်အညီ မရပ်မနား ရွေ့လျားနေခြင်းကြောင့် စက္ကန့်၊ မိနစ်၊ နာရီ၊ ရက်၊ လ၊ နှစ်တို့ကို ဖြစ်စေကာ တစ်နှစ်ဟောင်း၍ တစ်နှစ်ပြောင်းခြင်းဖြင့် နှစ်သစ်သို့ဆီ ရောက်ခဲ့ရပြန်ပါသည်။

နှစ်ဟောင်းမှ မိမိတို့ပြုခဲ့သမျှသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု အစုစုသော အကုသိုလ်မကောင်းမှု အညစ်အကြေးတို့ကို နှစ်သစ်ကိုကြိုဆိုသည့် သင်္ကြန်ကာလအခါသမယ ကတည်းက သင်္ကြန်ရေကြည်၊ ရေအေးတို့ဖြင့် ဆေးကြော သန့်စင်ကြပြီးနောက် ဘေးရန်ကင်းသော မင်္ဂလာနှစ်သစ်ကို ကြိုဆိုသော မြန်မာလူမျိုးတို့၏ နှစ်သစ်ကူးပြောင်းနှစ်ဟောင်း ကုန်ဆုံးသော အခါသမယဖြစ်ပါသည်။

မင်္ဂလာနှစ်သစ်ကို စိတ်သစ်၊ လူသစ်၊ အတွေးသစ်၊ အမြင်သစ်တို့ဖြင့် ခရီးဆက်ရန် ရည်သန်မျှော်မှန်းကြသည့် မြန်မာလူမျိုးတို့၏ နှစ်သစ်ကူးပြောင်းအခါကောင်းကာလတွင် မေတ္တာရှေ့ထား ဖြဟ္မစိုရ်တရားအား လက်တွေ့ကျင့်သုံးသည့် အစဉ်အလာမှာ ရှေးယခင်ကတည်းက ရှိခဲ့ကြပါသည်။

နှစ်သစ်ကူးသည့် သင်္ကြန်ကာလအခါသမယ၌ မြန်မာလူမျိုးများ၏ မြတ်နိုးဖွယ်ရာ ယဉ်ကျေးမှုဓလေ့ အစဉ်အလာများမှာ ဇရပ်၊ တန်ဆောင်း၊ ဘုရား၊ ကျောင်းကန်၊ နေအိမ်၊ တိုက်တာအဖြာဖြာတွင် သန့်ရှင်းခြင်းဖြင့် နှစ်သစ်ကို ကြိုဆိုကြခြင်း၊ ဘုရား၊ ပုထိုး၊ စေတီများကို ရေသပ္ပာယ်ခြင်း၊ အလှူဒါနပွဲများ ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲကြခြင်း၊ အာဟာရဒါန စတုဒိသာ ကျွေးမွေးလှူဒါန်းကြခြင်း၊ သံဃာတော်များအား ဆွမ်းကပ်လှူခြင်း၊ ရဟန်းခံခြင်း၊ ပရိတ်ပဋ္ဌာန်းရွတ်ဖတ်ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ တရားစခန်းဝင်ခြင်းများနှင့် အတူ ရှင်ပြုပွဲ၊ သီလရှင်ဝတ်ပွဲ၊ ဘုရားလှည့်လည်ပွဲ၊ တရားနာပွဲ၊ အန္တရာယ်ကင်းပရိတ်ရွတ်ပွဲစသည်ဖြင့် ပြုလုပ်ဆင်နွှဲကြသည်။

မွန်မြတ်သော ကုသိုလ်ကောင်းမှုအစုစုတို့ကို မြို့ပြနှင့် ကျေးလက်တစ်ခွင် မည်သူ၏ တိုက်တွန်းစေ့ဆော်မှုမှ မပါဘဲ ဆင်နွှဲလာခဲ့ကြသည်။ ယင်းသည် နှစ်ပေါင်းရာချီ၍ ကြာညောင်း တာရှည်ခဲ့သည့် မြတ်နိုးလေးစားတန်ဖိုးထားဖွယ်ရာ နှစ်သစ်ကူးသင်္ကြန်ပွဲတော်၏ အနှစ်သာရများဖြစ်ပါသည်။

ထို့အပြင် တိရစ္ဆာန်များအား ဘေးမဲ့လွှတ်ခြင်းဟူသော ဇီဝိတဒါနအလှူကိုလည်း ရယူကြလျက် သတ္တဝါများအပေါ် မေတ္တာ၊ ကရုဏာရှေ့ထား အစဉ်အလာများလည်းရှိခဲ့ကြသည်။

မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုစံနှုန်းနှင့်အညီ ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကိုသနား ထုံးအစဉ်အလာနှင့်အညီ အသက်ကြီးသူ၊ ဂုဏ်ကြီးသူကို ရိုသေလေးစားဂါရဝပြုကြသည်။ ဂါရဝပြုရာ အကြီးလေးမျိုးမှာ ပညာဝုဍ္ဎ-ပညာအားဖြင့်ကြီးသူ၊ ဂုဏဝုဍ္ဎ-ဂုဏ်အားဖြင့်ကြီးသူ၊ ဇာတိဝုဍ္ဎ-အမျိုးအားဖြင့်ကြီးသူ၊ ဝယဝုဍ္ဎ-အရွယ်အားဖြင့်ကြီးသူ အကြီးလေးမျိုးနှင့် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် တင့်တယ်နေသော ဆရာသမား၊ ဘိုးဘွား၊ မိဘ၊ သက်ကြီးရွယ်အိုတို့ ဖြစ်သည်။ အရိုအသေပြုထိုက်သူ ပုဂ္ဂိုလ်များကို သင်္ကြန်ကာလအခါသမယတွင် ပူဇော်ကန်တော့ကြသည့် အစဉ်အလာ ပြည်မြန်မာတွင် ယနေ့ထက်တိုင် ထွန်းကားဆဲ၊ ရှင်သန်ဆဲမို့ ဤကဲ့သို့ ပူဇော်ကန်တော့ကြရသည့်အတွက် ကိုယ်ယဉ်ကျေးမှု၊ နှုတ်ယဉ်ကျေးမှု ဂါရဝတရားနှင့် ညီညွတ်သကဲ့သို့ မိမိတို့၏ မာနကို နှိမ့်ချကန်တော့ကြရခြင်းကြောင့် စိတ်ယဉ်ကျေးမှု နိဝါတတရားလည်းဖြစ်ပေသည်။

ဤကဲ့သို့ အကြီးလေးမျိုးသော ပုဂ္ဂိုလ်-ဘိုးဘွားမိဘ၊ ဆရာသမားအစထား၍ အသက်အရွယ်ကြီးသူ လူကြီးသူမများကို နှစ်သစ်ကူးကာလတွင် ခေါင်းလျှော်ပေးခြင်း၊ ရေချိုးပေးခြင်း၊ နှံ့သာလိမ်းပေးခြင်း၊ ခြေသည်းလက်သည်းများ လှီးဖြတ်ပေးခြင်း၊ အဝတ်အထည်ဆေးဝါး၊ အစားအစာ၊ ငွေကြေးတို့ဖြင့် ပူဇော်ကန်တော့ခြင်း စသည့် အလွန်ကြီးမြတ်သည့် ကောင်းမှုကုသိုလ်များကိုလည်း အလေးအမြတ်ထားလျက် ပြုလုပ်မြဲဖြစ်သည်။

နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်ကူးပြောင်းသည့် အခါသမယတွင် မြန်မာလူမျိုးတို့ပြုလုပ်မြဲဖြစ်သော အထက်ဖော်ပြပါ ဓလေ့များသည် အမျိုးဘာသာ သာသနာကို စောင့်ထိန်းရာဖြစ်သကဲ့သို့ ပူဇော်ထိုက်သူကို ပူဇော်ခြင်း ပူဇာစ-ပူဇနေယျမင်္ဂလာ၊ ကုသိုလ်ကောင်းမှုပြုလုပ်လှူဒါန်းရခြင်း-ဒါနမင်္ဂလာ၊ ရိုသေထိုက်သူကို ရိုသေရခြင်း-ဂါရဝမင်္ဂလာ၊ ကောင်းမှု၌ မမေ့မလျော့ခြင်း-အပ္ပမာဒမင်္ဂလာ၊ မိမိကိုယ်ကိုနှိမ့်ချခြင်း-နိဝါတမင်္ဂလာ စသည့် မင်္ဂလာအဖြာဖြာ အကျိုးများထိုက်သည့်အတွက် မေတ္တာ၊ ကရုဏာ၊ လွှမ်းခြုံသော ဗြဟ္မစိုရ်တရားတို့ဖြင့် ထုံမွှမ်းလျက်လည်းရှိနေပါသည်။

ဤသို့အားဖြင့် မြန်မာလူမျိုးများမှာ ယုံကြည်ကိုးကွယ်ရာ ထေရဝါဒဗုဒ္ဓဘာသာ၏ အဆုံးအမများအရသော် လည်းကောင်း၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာအရသော် လည်းကောင်း၊ လူမှုရေးကျင့်ဝတ်နီတိများအရသော် လည်းကောင်း နှစ်သစ်မင်္ဂလာကာလတွင် ကောင်းသောဆန္ဒ၊ မှန်ကန်သောအမြင်၊ သန့်ရှင်းစင်ကြယ်သော စိတ်၊ စွဲမြဲသော လုံ့လဝီရိယကို အကြီးအမှူထား ဦးစီးပဲ့ကိုင်ပြုပြီး စေတနာသန့်သန့်၊ သဒ္ဓါတရားပြည့်ပြည့်ဝဝဖြင့် ကောင်းမှုမှန်သမျှ မဆိုင်းမတွ ဆောင်ရွက်ကြရမည်ဖြစ်သလို ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် စိတ်သစ်လူသစ်၊ အတွေးသစ်၊ အမြင်သစ်တို့ဖြင့် အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းကြရမည်သာ ဖြစ်ပါသည်။

ထို့အတူ နှစ်သစ်ကူးသည့်ကာလ အခါသမယတွင် လူငယ်လူရွယ်များအနေဖြင့် မြန်မာ့စံနှုန်းနှင့် မညီညွတ်သော အမှုများကိုရှောင်ရှား၍ မိမိနိုင်ငံ၊ မိမိလူမျိုး၏ ရိုးရာအမွေအနှစ်၊ ယဉ်ကျေးမှုအစစ်၊ အစဉ်အလာ အဖြာဖြာတို့ကို ဆတက်ထမ်းပိုးတိုး၍ ထိန်းသိမ်းစောင့်ရှောက်ရင်း ကုသိုလ်ပွားသင့်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

သင်္ကြန်ဒုတိယအကြတ်နေ့က ရွှေဂုံတိုင်လမ်းရှိ ရေကစားမဏ္ဍပ်၌ ရေပက်ခံကားများဖြင့် ပျော်ရွှင်စွာရေကစားနေကြသည်ကို တွေ့ရစဉ်။ (ကြေးမုံ)

သင်္ကြန်ဒုတိယအကြတ်နေ့က သိမ်ဖြူကွင်းရှိ ရခိုင်ရိုးရာသင်္ကြန်ပွဲတော်တွင် မာန်အောင်မြို့နယ်အသင်း မေယ ကေရီရေလောင်းမဏ္ဍပ်၌ ပျော်ရွှင်စွာ ရေကစားနေစဉ်။ (ကြေးမုံ)

နှစ်ဆန်းချိန်

✻ အစိမ်းအဝါ၊ မင်္ဂလာနှင့်
ပြည်ရွာအေးချမ်း၊ နိမိတ်ပန်းတို့
လန်းပွင့်မြိုင်မြိုင်၊ သင်းပျံ့လှိုင်ပြီ
နိုင်ငံပြည်လုံး မွှေးတယ်ကို…။

✻ ညစ်ကြေးလည်းကင်း၊ အေးမြခြင်းတို့
အပ်နှင်းပေးဝေ၊ မေတ္တာရေဖြင့်
ရှေးမွေဆင့်ကမ်း၊ ယဉ်စွာဖျန်းသည်
တစ်ဝန်းပြည်ရွာ အေးတယ်ကို…။

✻ ဘေးမဲ့လွှတ်ကြ၊ သက်လွှတ်ကြနှင့်
မိဘဘိုးဘွား၊ ကြီးသူများကို
သားမြေးငယ်သူ၊ ကုသိုလ်ယူဖို့
တူညီတွဲခေါ်၊ ခေါင်းဆေးလျှော်ရင်း
ပျော်ရွှင်ကြည်မွေ့၊ ဘယ်မမေ့သည်
ဓလေ့စဉ်လာ ကောင်းပေကို…။

✻ စနစ်လည်းသစ်၊ ခေတ်လည်းသစ်သည့်
နှစ်သစ်ကူးရာ၊ သည်အခါမှ
ပြည်ရွာတစ်လွှား၊ ရန်ပယ်ရှားလျက်
စီးပွားတိုးမည်၊ လင်းနေခြည်သို့
ကြည်စင်ပဝင်း၊ အားခွန်နှင်းသည်
သန့်ရှင်းဂုဏ်ရောင် လွှမ်းတယ်ကို…။ ။

မောင်စိမ်းနောင်(လယ်ဝေး)

ယဉ်ကျေးမှုဓလေ့ထုံးတမ်း လက်ဆင့်ကမ်းပေးစေလို

ယနေ့ ဖတ်စရာ မှတ်စရာ

နိုင်အောင်ချစ်သန်း

၁၃၇၃ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကြီးကား အေးချမ်းပျော်ရွှင်စွာ ပြီးဆုံးသွားပြီဖြစ်သည်။ ၁၃၇၄ ခုနှစ် မင်္ဂလာနှစ်သစ်သို့ ကူးပြောင်းရောက်ရှိပြီဖြစ်ရာ နှစ်သစ်တွင် မိမိတို့အားလုံးက စိတ်သစ်၊ လူသစ်၊ အားမာန်သစ်ဖြင့် ဘဝရေစီးကြောင်းသစ်ကို စတင်ခရီးဆက်ကြပြီဖြစ်သည်။

နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးပြောင်းချိန်ပြီးခဲ့သည့် မဟာသင်္ကြန်ကာလတွင် မိမိတို့တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ တစ်ဖွဲ့ချင်း၊ တစ်မိသားစုချင်းသည် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာကောင်းကို မည်သည့်အတိုင်းအတာအထိ ထိန်းသိမ်းနိုင်ခဲ့သည်။ မည်သည့်အမူအကျင့်ဟောင်းကို စွန့်ပယ်၍ မည်သည့်အစဉ်အလာကောင်းကို ဆက်လက်သယ်ဆောင်ကာ လူငယ်မျိုးဆက်သစ်များကို မည်သည့်အမွေကောင်းများကို လက်ဆင့်ကမ်းပေးသွားမည် စသည်တို့ကို ဆင်ခြင်သုံးသပ် ဆုံးဖြတ်ခြင်းဖြင့် တာဝန်ကျေပွန်ကြရမည်ဖြစ်သည်။

ယခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ဌာနဆိုင်ရာ ရေကစားမဏ္ဍပ်များ၊ ပုဂ္ဂလိက ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၏ ရေကစားမဏ္ဍပ်များ၊ မြို့နယ်လမ်းအလိုက် ရေကစားမဏ္ဍပ်များဆောက်လုပ်ကာ သင်္ကြန်ချစ်ပြည်သူများအား အနုပညာရှင်များ၊ ဝန်ထမ်းမိသားစုများ၊ ယိမ်းအဖွဲ့ဝင်များက သီဆိုကပြဖျော်ဖြေရင်း ရေပက်ကစားကြသူများ၊ ကားကြီးကားငယ်ဖြင့် လည်းကောင်း၊ လမ်းလျှောက်၍ လည်းကောင်း၊ တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း ရေပက်ခံကစားကြသူများမှာ ယခင်နှစ်များကထက် ယခုနှစ်တွင် ပိုမိုများပြား ပိုမိုစည်ကားကြောင်းကို နေ့စဉ်ထုတ်သတင်းစာများ၊ တိုက်ရိုက်ထုတ်လွှင့်ပြသသည့် ရုပ်သံလိုင်းများနှင့် သွားရင်းလာရင်း ကိုယ်တွေ့ကြုံကြိုက်ခဲ့ရမှုတို့မှ သိရှိရသည်။

နှစ်သစ်ကူးကာလအတွင်း မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ ဘုရားကျောင်းကန်များသို့ သွားရောက်၍ ဥပုသ်သီတင်းသီလ ခံယူဆောက်တည်ကြသူများ၊ သက်ကြီးဝါကြီးများအား ပူဇော်ကန်တော့ကြသူများ၊ ရဟန်းခံရှင်ပြု အလှူဒါနပြုကြသူများ၊ သင်္ကြန်စင်မြင့်ထက်မှ ရိုးရိုးယဉ်ယဉ် မြန်မာဆန်ဆန် ဖျော်ဖြေကြသည့် အနုပညာရှင်များ၊ ယဉ်ကျေးမှုကို လွန်ကဲသော ဝတ်စားဆင်ယင်မှုများ၊ ရေစူးအားကောင်းသည့် ပိုက်ကြီး ပိုက်ငယ်များဖြင့် ရေကစားကြသူများ၊ မြန်မာအကမဟုတ်သည့် အကမျိုးစုံကို စင်မြင့်ထက်မှ မက်မက်မောမော စုပေါင်းကပြကြသည့် လူငယ်အမျိုးသား၊ အမျိုးသမီးငယ်လေးများ၊ မူးယစ်သောက်စားပြီး အပျော်ကြူးကြသူများ၊ သင်္ကြန်ကို အမှီပြု၍ ကိုယ်ကျိုးစီးပွားရှာကြသူများ စသည်စသည်ဖြင့် ဖြစ်ပျက်မှုကဏ္ဍပေါင်းစုံကို တွေ့မြင်ခဲ့ရသည်။

ယင်းတို့ကို ပြန်လည်သုံးသပ်စဉ်းစားချင့်ချိန်ကာ "ဤသည်ကား မြန်မာ့ယဉ်ကျေးမှု" "ဤသည်ကား မြန်မာလူမျိုးများနှင့် မဆီလျော်သည့် မယဉ်ကျေးမှု" ဟူ၍ ခွဲခြားကာ လက်ခံသင့်သည်ကို လက်ခံရယူ၊ လက်မခံသင့်သည်ကို မိမိတို့၏ မြန်မာ့လူ့ဘောင်ဝန်းကျင်မှ ထုတ်ပယ်ကြရမည်ဖြစ်သည်။

ယင်းကြောင့် မိမိတို့အားလုံး အထူးသဖြင့် မိမိတို့ လူငယ်အားလုံးက မိမိနှင့် မိမိနိုင်ငံ မိမိလူမျိုး၊ မိမိယဉ်ကျေးမှုတို့ကို ပျက်ယွင်းထိပါးနစ်နာစေမည့် နှစ်ဟောင်းမှ အပြောအဆို၊ အပြုအမူ၊ အကျင့်စရိုက်ဟောင်းများကို စွန့်ပယ်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံနှင့် ကိုက်ညီသည့် ရိုးသားပွင့်လင်း ယဉ်ကျေးသိမ်မွေ့သည့် ယဉ်ကျေးမှု အမွေအနှစ်ဟောင်းများကို "စံ"အဖြစ် လက်ခံရယူလိုက်နာကျင့်သုံးကြရန် လိုမည်ဖြစ်ပါသည်။

မိမိတို့ လူကြီး၊ မိဘမောင်နှမများအားလုံးကလည်း ဘဝသစ်တည်ဆောက်ရေး၊ နိုင်ငံသစ်တည်ဆောက်ရေးတွင် အင်တိုက်အားတိုက် ပါဝင်လာကြမည့် လူငယ်မျိုးဆက်သစ်များကို မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံ အမွေခံကောင်းကို လက်ဆင့်ကမ်းပေးစေလိုကြောင်း နှစ်သစ်တွင် စိတ်ရင်းစေတနာကောင်းဖြင့် ဆန္ဒပြုအပ်ပါသည်။

မပြောမပြီး မတီးမမြည်

နှစ်ပေါင်း ၃၃၃ နှစ်ကြာသောအခါ

မျက်မှောက်ကာလဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများနှင့်အတူ သတင်းမီဒီယာကဏ္ဍသည် စတုတ္ထမဏ္ဍိုင်အဖြစ် မားမားမတ်မတ်ရပ်တည်ကာတာဝန်ယူမှု၊ တာဝန်သိမှုဖြင့် ပြည်သူတို့အား ပြန်ကြားပေးလျက်ရှိသည်။

ယင်းကာလတွင် သတင်းမီဒီယာများ တိုးပွားလာသည်မှာလည်း အားရဖွယ်ဖြစ်၏။ သတင်းမီဒီယာအသီးသီး၏ စာမျက်နှာများပေါ်တွင် နယ်ပယ်စုံ၊ အကြောင်းအရာစုံ၊ အတွေးစုံတို့ ဖြန့်ကြက်ကွန့်မြူးနေသည်ကို တွေ့ရသည်။ နိုင်ငံရေး၊ စီးပွားရေး၊ ဒီမိုကရေစီရေး အတွေ့အမြင်များမှာ အများဆုံးဖြစ်ဟန်ရှိသည်။ ဒုတိယအမြင်ရအများဆုံးမှာ နိစ္စဓူဝ ဖြစ်ပေါ်ပြောင်းလဲနေသည့် လူမှုပတ်ဝန်းကျင်မှ လှိုင်းဂယက်များပင်ဖြစ်သည်။ ယင်းတို့အထဲတွင် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ဖရိုဖရဲဖြစ်နေသည့် ဝတ်စားဆင်ယင်မှုအကြောင်းများ ဖြစ်သည်။ နယ်ပယ်အသီးသီးမှ အမျိုးသမီး အမျိုးသားတို့၏ ရှုထောင့်စုံကို ဖတ်ရသည်။ လက်ရှိမြင်တွေ့ဖတ်ရှုနေရသည့် မြင်ကွင်းများအပေါ် ရိုးဖြောင့်စွာ ရှုမြင်သုံးသပ်ရလျှင်-

- အမျိုးသမီးအများစု(အထူးသဖြင့် အတတ်ပညာတစ်ခုဖြင့် လူလုံးပြလုပ်ရှားနေရသူများ)၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများသည် မြန်မာ့မှု၊ မြန်မာ့ဟန်ပျောက်နေသည်ကို တွေ့ရ၏။
- မြန်မာ့လူ့ဘောင်လောကတွင် မွန်မြတ်လှသော လောကပါလတရားအဖြစ် ထားရှိသည့် ဟီရိဩတ္တပ္ပတရား ကင်းမဲ့မှု ပိုသထက်ပိုလာသည်ဟု ခံစားမိသည်။
- အချို့နေရာအတော်များများတွင် မိန်းကလေးများပါဝိုင်းဖွဲ့၍ အရက်သေစာ သောက်စားမူးယစ်နေသည်ကို ပြောင်ပြောင်တင်းတင်းတွေ့နေရ၏။
- မြန်မာ့လူ့ဘောင်အတွင်း စွဲမြဲစွာ တည်ရှိလာခဲ့သည့် တစ်လင်တစ်မယားစနစ်အား ပွန်းပဲ့လာသည့် အခြေအနေဆိုးများ ပို၍အသုံးတွင်လာသည်ကို တွေ့ရသည်။

ယင်းယေဘုယျသုံးသပ်ချက်များ ဖြစ်တည်ရာရင်းမြစ်များကို ဆန်းစစ်ကြည့်လျှင် ခေတ်ရေစီးကြောင်းနှင့်အတူ မျောပါလာသော အမှိုက်သရိုက်များကို မရှင်းလင်းမိသောကြောင့် ဖြစ်နိုင်သည်။ ခေတ်ရေစီးကြောင်းကို တား၍ မရသော်လည်း အမှိုက်သရိုက်ကို ရှင်း၍ရသည်။ လမ်းလွှဲ၍ ရနိုင်ပါသည်။

ရုပ်ရှင်အနုပညာတေးဂီတရေစီးကြောင်းသည် အရှိန်ကောင်းနေ၏။ ပို၍အထိအခိုက်များ၏။ အထူးသဖြင့် လူ၏စိတ်ကို အလွယ်တကူ ညွတ်ပျောင်းခွေနွဲ့သွားစေနိုင်သည်။ ယင်းရေစီးကြောင်းမှ အမှိုက်သရိုက်များကို အမျိုးသားရေးအမြင်၊ အမျိုးသားရေးရှုထောင့်မှ ပြတ်ပြတ်သားသား ရှုမြင်သုံးသပ်ဖယ်ရှားသင့်သည်။ အထူးသဖြင့် ယနေ့နိုင်ငံတစ်ဝန်း ထုတ်လွှင့်ပြသနေသည့် ကိုရီးယားရုပ်သံဇာတ်လမ်းတွဲများအပါအဝင်ဖြစ်သည်။ ယင်းတို့သည် လူငယ်တို့၏ ဗဟိဒ္ဓသဏ္ဌာန်ကိုပြောင်းလဲနိုင်ရုံမက အဇ္ဈတ္တသဏ္ဌာန်ကိုပါ လုံးလုံးလျားလျား ပြောင်းလဲပစ်ရန် ညှို့ယူဖမ်းစားနိုင်စွမ်းရှိသည်။ ဖောက်ပြန်ပြောင်းလဲတတ်သည့် လူ့သဘာဝစရိုက်များကိုပင် နှစ်လိုဖွယ်ရာ အတွေးဖြင့် ရိုက်ကူးပုံဖော်ကာ ကြည့်ရှုသူများအတွက် မနောခွေ့စရာသဖွယ် အတုခိုးပြုကျင့်လာနေသည်ကို တွေ့ရသည်။

ယခုအခါခေတ်စားနေသည့် Sexy dance ဆိုသည်မှာ အမျိုးသား၊ အမျိုးသမီးနှစ်ဦးတွဲကာ (ဝတ်ချင်သလိုဝတ်၍) အနောက်တိုင်းပွတ်သဘင်ကဲ့သို့ သင်္ကြန်တွင်တွေ့ရ၏။ မောင်နှင့် နှမ၊ သားနှင့်အမိကြည့်၍ မလျော်ကန်လောက်အောင်ပင် ထိတွေ့လှုပ်ရှားမှုများက ရဲတင်းလွန်းလှ၏။ခေတ်ပေါ်ရှုပွဲကြီးငယ်တို့ကလည်း ယနေ့ခေတ်၏ ဝတ်စားဆင်ယင်မှုမည်မျှအထိ လွတ်လပ်ပွင့်လင်းမြင်သာမှုရှိသည်ကို ပြသနေသယောင်။

စာရေးသူကိုယ်တိုင်လည်း အလျဉ်းသင့်သလို မီဒီယာစာမျက်နှာများပေါ်တွင် မကြာခဏရေးဖူးသည်။ ရေးကြသူအပေါင်းလည်း လက်ပန်းကျကုန်ကြပြီထင်သည်။ မကြာခင်ကပင် မြန်မာ့ရိုးရာ အတာသင်္ကြန်ကာလအတွင်း လူအများအမြင်မတော်အောင်ဝတ်စားဆင်ယင်သူများအား အရေးယူမည်ဟု ထုတ်ပြန်ချက်တစ်ရပ်ကြားလိုက်ရသည်။ ထုတ်ပြန်ချက်သည် စာရွက်ပေါ်မှာပင်။ သင်္ကြန်ကာလအတွင်းသာမက သင်္ကြန်ကာလပြီးလျှင် 'ပိုနေမြဲ ကျားနေမြဲ' ဖြစ်မည်သာ။

ယင်းနှင့်ပတ်သက်ပြီး မီဒီယာများမှလည်း ရိုးရာယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပတ်သက်၍ လျှပ်ပေါ်လော်လည်သော ဝတ်စားဆင်ယင်မှုအကြောင်း ရေးခဲ့ဖူးသည်။ ရှေးက ထုတ်ပြန်ခဲ့သည့် မင်းမိန့်တစ်ခုကိုလည်း ဖော်ပြထား၏။ ယင်းမှာ "ညောင်ရမ်းမင်းဆက် ဝမ်းဘဲအင်းမင်းတရားလက်ထက် မြန်မာသက္ကရာဇ် ၁၀၄၀ ခုနှစ် နယုန်လဆန်း ၁၀ ရက်နေ့တွင် ဘိုးဘေးအစဉ်အလာအတိုင်း ဝတ်စားဆင်ယင်ကြရန်" မင်းမိန့်ထုတ်ခဲ့ဖူးကြောင်း၊ ယင်းအမိန့်သည် ညောင်ရမ်းမင်းဆက်လွန်သော် ကုန်းဘောင်မင်း ၁၁ ဆက်၊ ထို့နောက် သူ့ကျွန်အောက် နှစ်ပေါင်း တစ်ရာကျော်၊ ထို့ပြင်တစ်ဝ လွတ်လပ်ရေးရပြီးခေတ်အဆက်ဆက် (မြန်မာသက္ကရာဇ် ၁၃၇၃ ဖြစ်၍) နှစ်ပေါင်း ၃၃၃ နှစ်ပင်ရှိခဲ့လေပြီ။ ကြာတော့လည်းကြာခဲ့ပါပြီ။ မြန်မာ့ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုများမှာလည်း အချို့နေရာများတွင် ပုံပျက်ပန်းပျက်ဖြစ်နေလေပြီ။ အမျိုးသားရေးစရိုက်လက္ခဏာများကလည်း မပီမပြင် ဝိုးတဝါး၊ စင်စစ် နိုင်ငံတစ်နိုင်ငံ၏ ပြယုဂ်သည် ယင်းနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုအပေါ် မြတ်မြတ်နိုးနိုး ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ပျူငှာယဉ်ကျေးသိမ်မွေ့သည့် အမျိုးသားရေးစရိုက်လက္ခဏာများ ပေါ်လွင်ထင်ရှားတည်တံ့ နေစေရေးပင်ဖြစ်ပါလိမ့်မည်။ သို့ဆိုလျှင်…..။

ခင်မောင်ဌေး - ပညာရေး

မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ရေသဘင်ပွဲ နိုင်ငံတစ်ဝန်း ပျော်ရွှင်စွာခြိမ့်ခြိမ့်သဲဆင်နွှဲ

မဟာသင်္ကြန်အတက်နေ့က ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ရေပက်ကစားသူများနှင့် ရေပက်ခံကားများဖြင့် စည်ကားလျက်ရှိစဉ်။

(သတင်းစဉ်)

မဟာသင်္ကြန်ရက်များအတွင်း နေပြည်တော် ရာဇသင်္ဂဟ လမ်းမကြီးပေါ်ရှိ ဟိုတယ်ဇုန်ရေကစားမဏ္ဍပ်များတွင် ရေပက်ခံထွက်သူများ၊ ရေပက်ခံကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

(သတင်းစဉ်)

နေပြည်တော်မဟာသင်္ကြန် ယိမ်းအကပြိုင်ပွဲတွင် ဆုရရှိကြသည့် ယိမ်းအကအဖွဲ့များ ယိမ်းအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။

(သတင်းစဉ်)

မဟာသင်္ကြန်အတက်နေ့က ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်တွင် ယိမ်းအကများဖြင့်ဖျော်ဖြေရာ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိစဉ်။

(သတင်းစဉ်)

မဟာသင်္ကြန်အတက်နေ့က ရန်ကုန်မြို့ အလုံလမ်း၌ ရေပက်ကစားသူများနှင့် ရေပက်ခံကားများဖြင့် စည်ကားလျက်ရှိစဉ်။

(သတင်းစဉ်)

မဟာသင်္ကြန် အတက်နေ့က မန္တလေးမြို့ရှိ ရေကစားမဏ္ဍပ်များ၌ ပျော်ရွှင်စွာရေကစားနေကြသည်ကို တွေ့ရစဉ်။

(သတင်းစဉ်)

ကလေးမြို့ ထိုမာကျေးရွာ နှစ်သစ်ချစ်ဦးမဏ္ဍပ်ရှေ့၌ ပြည်သူများ ပျော်ရွှင်စွာရေကစားကြစဉ်။

ဓာတ်ပုံ-မင်းသန်းဝေ

(ကလေး-ကိုယ်ပွား)

၁၃၇၃ ခုနှစ်

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက် အေးချမ်းပျော်ရွှင်စွာ ပြီးဆုံး

❖ ကျောဖုံးမှ

ဆက်လက်၍ နေပြည်တော် မြို့တော်ဝန်က ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယိမ်းအဖွဲ့များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အနုပညာရှင်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အခမ်းအနားမှူးနှင့် အနုပညာရှင်၊ တေးသံရှင်များ၊ အကဲဖြတ်အမှတ်ပေး ဒိုင်လူကြီးများအား ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် နေပြည်တော် မြို့တော်ဝန်က ၁၃၇၃ ခုနှစ် နေပြည်တော် မဟာသင်္ကြန်ကို ပိတ်သိမ်းကြောင်း ကြေညာသည်။

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန တီးဝိုင်းနှင့်တွဲဖက်၍ အနုပညာရှင်များက မြနန္ဒာသီချင်းကို စုပေါင်းသီဆိုကြပြီး နေပြည်တော်မဟာသင်္ကြန်ကို ပိတ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဧည့်သည်တော်များအား နေပြည်တော် မဟာသင်္ကြန် ယိမ်းအကပြိုင်ပွဲတွင် ဆုရရှိကြသည့် ယိမ်းအကအဖွဲ့များနှင့် တေးသံရှင်များက ယိမ်းအကအလှများ၊ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ (သတင်းစဉ်)

ပေးအပ်ချီးမြှင့်

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော် မြို့တော်ဝန် ဦးသိန်းညွန့် ၁၆ ဦး ယိမ်းအကပြိုင်ပွဲတွင် ပထမဆုရ ဆောက်လုပ်ရေးဝန်ကြီးဌာန ယိမ်းအကအဖွဲ့အား ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ၁၆ ဦး ယိမ်းအကပြိုင်ပွဲတွင် ဒုတိယဆုရ ရွှေဧည့်သည်ဟိုတယ် ယိမ်းအကအဖွဲ့အား ဆုဖလားပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မဟာသင်္ကြန်အတက်နေ့တွင် နေပြည်တော် မဟာသင်္ကြန်ပွဲဆင်နွှဲသူများဖြင့် အထူးစည်ကား

နေပြည်တော် ဧပြီ ၁၆

ယနေ့ မဟာသင်္ကြန်အတက်နေ့တွင် နေပြည်တော်တစ်ခွင်၌ ရေပက်ခံကားများ၊ ရေကစားကြသူများဖြင့် အထူးစည်ကားလျက်ရှိပြီး မြန်မာ့ရိုးရာအစားအစာများဖြင့် စတုဒိသာအလှူဒါနပြုမှု များပြားသည်ကိုလည်း တွေ့ရသည်။ နေပြည်တော် ရာဇသင်္ဂဟလမ်းမကြီးပေါ်ရှိ ဟိုတယ်ဇုန် ရေကစားမဏ္ဍပ်များ၌ ရုပ်ရှင်၊ ဂီတအနုပညာရှင်များ၏ ဖျော်ဖြေမှုများကို လာရောက်ကြည့်ရှုကြသူများ၊ ရေပက်ခံသူများဖြင့် ပိုမိုစည်ကားသည်ကို တွေ့ရသည်။

Sky Net မိသားစု စတုဒိသာ မဏ္ဍပ်၌ နေ့စဉ်ကျွေးမွေးဧည့်ခံလျက်ရှိရာ နံနက်စာနှင့် ညနေစာ ထမင်းဟင်းများကို ရေကစားရင်းသုံးဆောင်နေကြသည့် ရေပက်ခံပြည်သူများကိုလည်း တွေ့ရသည်။

အလားတူ လေ့ခွင်းတောင် ဆုတောင်းပြည့်ဘုရားအနီးရှိ ပေါင်းလောင်းချောင်း၌ ရေပက်ကစားကြသူများ၊ အနားယူအပန်းဖြေကြသူများ စည်ကားများပြားသည်ကိုတွေ့ရသည်။ ထို့အပြင် နေပြည်တော် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်အတွင်းရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ ရေကစားမဏ္ဍပ်များ၌ မိသားစုအလိုက်၊ အသင်းအဖွဲ့အလိုက် ဒေသခံပြည်သူများ၊ ဝန်ထမ်းမိသားစုများသည် အတာရေပက်ရင်း အပန်းဖြေအနားယူကြသည်။

စည်ကားများပြား

ထိုနည်းတူ နေပြည်တော်မှ ခုနစ်မိုင်အကွာ ကျွဲရှင်းကျေးရွာအနီးရှိ ငလိုက်ကန်သာအပန်းဖြေစခန်းတွင် ရေကစားသူများ၊ ရေချိုးအနားယူအပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိသည်။ နေပြည်တော် ရေပန်းဥယျာဉ်၊ နေပြည်တော် တိရစ္ဆာန်ဥယျာဉ်နှင့် ဆာဖာရီဥယျာဉ်တို့သို့ လာရောက်အနားယူအပန်းဖြေကြသူများကိုလည်း တွေ့ရသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့၌ ရေကစားကြသူများနှင့် ရေပက်ခံထွက်ကြသူများဖြင့် သင်္ကြန်အတက်နေ့ကို ပျော်ရွှင်စွာဆင်နွှဲကြသည်။ (သတင်းစဉ်)

မဟာသင်္ကြန်အတက်နေ့က နေပြည်တော် အမျိုးသားအထိမ်းအမှတ်ဥယျာ
သင်္ကြန်ချစ်သူပြည်သူများ မဟာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲနေသည်ကို

မဟာသင်္ကြန် အတက်နေ့က လေ့ခွင်းတောင် ဆုတောင်းပြည့်ဘုရားအနီးရှိ ပေါင်းလောင်းချောင်း၌ ရေကစားကြသူများ၊ အနားယူအပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

မဟာသင်္ကြန်အတက်နေ့က နေပြည်တော် ရေပန်းဥယျာဉ်၌ စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော်မဟာသင်္ကြန် ယိမ်းအကပြိုင်ပွဲတွင် ဆုရရှိကြသည့် ယိမ်းအကအဖွဲ့များ ယိမ်းအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။ (သတင်းစဉ်)

၁၃၇၃ ခုနှစ် မဟာသင်္ကြန်ပွဲ
အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲ

မန္တလေးသင်္ကြန် စည်ကားစွာ ကျင်းပပြီးစီး

နေပြည်တော် ဧပြီ ၁၆

ယနေ့မဟာသင်္ကြန်အတက်နေ့တွင် မန္တလေးမြို့တစ်ခွင်လုံး၌ အတာရေပက်ဖျန်းကစားကြသူများ၊ ရေပက်ခံကြသူများသည် တစ်နေကုန်ပျော်ရွှင်စွာ ရေကစားကြသည်။ ညပိုင်းတွင် ဆုပေးမဏ္ဍပ်တို့၌ ဆုပေးပွဲနှင့် မဏ္ဍပ်ပိတ်ပွဲ အခမ်းအနားများ ကျင်းပကာ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးစီးသွားသည်။

ပါဝင်ဆင်နွှဲ

မဟာသင်္ကြန်အတက်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဇနီး ဒေါ်မြတ်ငွေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့အစည်းဝင်များ၊ ဧည့်သည်တော်များသည် ကျုံးတောင်ဘက်ရှိ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နန်းမြို့သူသင်္ကြန်မဏ္ဍပ်၊ တော်ဝင်စိန်တိုက် သင်္ကြန်ရေကစားမဏ္ဍပ်၊ ALPINE သောက်ရေသန့် သင်္ကြန်ရေကစားမဏ္ဍပ်၊ ကျုံးအရှေ့ဘက်ရှိ မြတ်ရွှေနဒီ သင်္ကြန်ရေကစားမဏ္ဍပ်နှင့် ကျုံးအနောက်ဘက်ရှိ ရှမ်းတိုင်းရင်းသား သာရေးနာရေးအသင်း မိသားစု သင်္ကြန်ရေကစားမဏ္ဍပ်များသို့ လှည့်လည်သွားရောက်ကာ ရုပ်ရှင်သရုပ်ဆောင်များ၊ တေးသံရှင်များနှင့် သင်္ကြန်လှပျိုဖြူများ၏ အဆိုအတီးအကအလှများဖြင့် ဖျော်ဖြေမှုများကို အားပေးကြည့်ရှုကြပြီး အတာရေများ ပက်ဖျန်းကာ နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌လည်း ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ ရုပ်ရှင်သဘင်ဂီတ အနုပညာရှင်များ၊ အဆိုတော်များက အဆိုအကများဖြင့် ဖျော်ဖြေရာ အားပေးကြည့်ရှုကြသူများ အထူးစည်ကားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ၁၆ ဦး ယိမ်းအကပြိုင်ပွဲတွင် စတုတ္ထဆုရ ACE ဆောက်လုပ်ရေးကုမ္ပဏီ ယိမ်းအကအဖွဲ့အား ဆုဖလားပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် ၁၆ ဦး ယိမ်းအကပြိုင်ပွဲတွင် ပဉ္စမဆုရ Moon Ray ဆောက်လုပ်ရေးကုမ္ပဏီ ယိမ်းအကအဖွဲ့အား ဆုဖလားပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

...နေ့က နေပြည်တော် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်အတွင်းရှိ ရေကစားမဏ္ဍပ်များ၌ ...ဟာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲနေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ မဟာသင်္ကြန်အတက်နေ့ အေးချမ်းပျော်ရွှင်စွာဆင်နွှဲ

မဟာသင်္ကြန် အတက်နေ့က ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ပျော်ရွှင်စွာ ရေကစားနေကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၁၆

ယနေ့သည် ၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၏ နောက်ဆုံးနေ့ သင်္ကြန်အတက်နေ့ဖြစ်သည်။ နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းရောက်ရှိတော့မည်ဖြစ်သည်နှင့်အညီ ရန်ကုန်မြို့နေ ပြည်သူများသည် မဟာသင်္ကြန်အတက်နေ့၏ ရေသဘင်ပွဲကို အေးချမ်းပျော်ရွှင်စွာ ဆက်လက်ဆင်နွှဲကြသည်။

ယင်းသို့ဆင်နွှဲကြရာတွင် ရန်ကုန်မြို့တော်ဝန်ရေသဘင်မဏ္ဍပ်၌ နံနက်ပိုင်းအစီအစဉ်တွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ယိမ်း၊ လေးဝတီရခိုင်ရိုးရာယဉ်ကျေးမှုယိမ်း၊ လှိုင်းဘွဲ့မြို့နယ်ကိုယ်စားပြု ကရင်ရိုးရာယဉ်ကျေးမှုယိမ်း၊ မီးသတ်ဦးစီးဌာန ယိမ်းအပါအဝင် ယိမ်းအဖွဲ့ ၁၅ ဖွဲ့နှင့် ညနေပိုင်းအစီအစဉ်တွင် ဒေါပုံ၊ ပုဇွန်တောင်၊ လသာ၊ ကမာရွတ်နှင့် တာမွေမြို့နယ်ကိုယ်စားပြု ယိမ်းအဖွဲ့များအပါအဝင် ယိမ်းအဖွဲ့ ၁၇ ဖွဲ့တို့က ဖျော်ဖြေကြသည်။

ယမန်နေ့ညပိုင်းကလည်း ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ တေးသံရှင်များက မြူးမြူးကြွကြွ တေးသီချင်းများဖြင့် ည ၁၁ နာရီအထိ သီဆိုဖျော်ဖြေကြရာ ပြည်သူများ အထူးများပြားစွာ အားပေးခဲ့ကြောင်း သိရသည်။

ယနေ့သင်္ကြန်အတက်နေ့တွင် မရမ်းကုန်းမြို့နယ် ပြည်လမ်းနှင့် ကမ္ဘာအေးစေတီလမ်း၊ ကမာရွတ်မြို့နယ် အင်းစိန်လမ်းနှင့် ပြည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်း၊ ကန်တော်ကြီး ကန်ပတ်လမ်းနှင့် ဗညားဒလလမ်း၊ ဒေါပုံမြို့နယ် ယမုံနာလမ်း၊ လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ဗိုလ်တထောင်နှင့် ပုဇွန်တောင်မြို့နယ်များရှိရာ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အနော်ရထာလမ်း၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းတစ်လျှောက်ရှိ ရေကစားမဏ္ဍပ်များ၌ ရေပက်ကစားကြသူများ၊ ကားကြီး၊ ကားငယ်ဖြင့် ရေပက်ခံထွက်ကြသူများ၊ ခြေကျင်လျှောက် ရေကစားကြသူများဖြင့် မဟာသင်္ကြန်ကို ပျော်ရွှင်စွာဆင်နွှဲကြရာ မဏ္ဍပ်တိုင်းတိုးမပေါက်အောင် စည်ကားများပြားသည်ကို တွေ့ရသည်။

ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခရိုင်ရှိ ရေကစားမဏ္ဍပ်များ၌ ပြိုင်ပွဲဝင်ကြသည့် အက၊ အလှ၊ သဘာဝအနုပညာရှင်များ၊ ယိမ်းအဖွဲ့များအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။ (သတင်းစဉ်)

မဟာသင်္ကြန် အတက်နေ့က ရန်ကုန်မြို့ အလုံလမ်း၌ ရေပက်ကစားသူများနှင့်ရေပက်ခံကားများဖြင့် စည်ကားလျက်ရှိစဉ်။ (သတင်းစဉ်)

...၌ ယိမ်းအကအဖွဲ့များ ယိမ်းအကအလှများဖြင့်
(သတင်းစဉ်)

မဟာသင်္ကြန်အတက်နေ့က ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ယိမ်းအကအဖွဲ့များ ကပြဖျော်ဖြေကြစဉ်။
(သတင်းစဉ်)

အဖွဲ့နှင့် တွဲဖက်၍ ရုပ်ရှင်သဘင်ဂီတ အနုပညာရှင်များ၊ အဆိုတော်များက အဆိုအကများဖြင့် ဖျော်ဖြေရာ အားပေးကြည့်ရှုကြသူများ အထူးစည်ကားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပျော်ရွှင်စွာ ရေကစား

မဟာသင်္ကြန်အတက်နေ့က မန္တလေးမြို့ရှိ ရေကစားမဏ္ဍပ်များတွင် ပျော်ရွှင်စွာ ရေကစားနေကြစဉ်။
(သတင်းစဉ်)

မဟာသင်္ကြန်အတက်နေ့က ရန်ကုန်မြို့ ဗဟိုလမ်းရှိ တူတူရေဝါးရေကစားမဏ္ဍပ်၌ ပျော်ရွှင်စွာ ရေကစားနေကြသည်ကို တွေ့ရစဉ်။

(သတင်းစဉ်)

လမ်း/တံတားအသုံးပြုခများနှင့် ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနက ရှင်းလင်းဖြေကြားပေးနေ

နေပြည်တော် မေ ၁၆

လမ်းကြေး၊ တံတားကြေးများနှင့်ပတ်သက်၍ မရှင်းလင်းသောသူများသည် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လာရောက်ဆွေးနွေးမှုများရှိသကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် လာရောက်ရှင်းလင်းပြောကြားပေးစေလိုလျှင်လည်း သွားရောက်ရှင်းလင်းပြောကြားပေးခဲ့ကြောင်း။

ကိုယ်တိုင်ဝန်ကြီးဌာနသို့ လာရောက်ဆွေးနွေးသူများမှာ ဦးတင်ဝင်း (အောင်ပန်းမြို့)၊ ဦးလှဦး(အဝေးပြေးကုန်စည်ပို့ဆောင်ရေးအဖွဲ့)နှင့် ဦးကိုကိုနိုင် (အဝေးပြေးကုန်စည်ပို့ဆောင်ရေးအဖွဲ့)တို့ဖြစ်ကြောင်း။

ဖိတ်ကြားခြင်း၊ တိုင်ကြားခြင်း၊ ပြဿနာဖြစ်ခြင်းတို့ကြောင့် ဝန်ကြီးဌာနမှ သွားရောက်ရှင်းလင်းဆွေးနွေးပေးသော နေရာများနှင့် အကြိမ်များမှာ မန္တလေးခရိုင် သုံးကြိမ်၊ မြင်းခြံခရိုင် နှစ်ကြိမ်၊ မိတ္ထီလာခရိုင် လေးကြိမ်၊ မုံရွာခရိုင် သုံးကြိမ်၊ ရွှေဘိုခရိုင် သုံးကြိမ်၊ မူဆယ်ခရိုင် ခြောက်ကြိမ်၊ လားရှိုးခရိုင် တစ်ကြိမ်၊ မကွေးခရိုင် သုံးကြိမ်၊ ပဲခူး(အနောက်) ရှစ်ကြိမ်၊ ပဲခူး(အရှေ့) ရှစ်ကြိမ်၊ ရမည်းသင်းခရိုင် နှစ်ကြိမ်၊ တောင်ကြီးခရိုင် လေးကြိမ်၊ ရန်ကုန်တိုင်းဒေသကြီး လေးကြိမ်၊ သပိတ်ကျင်းမြို့ တစ်ကြိမ်၊ ကလေးမြို့ တစ်ကြိမ်၊ မွန်ပြည်နယ် နှစ်ကြိမ်နှင့် ကရင်ပြည်နယ် နှစ်ကြိမ်တို့ဖြစ်ပြီး စုစုပေါင်း (၅၇)ကြိမ်ရှိပြီးဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် အင်ဂျင်နီယာမှူးရုံးများကလည်း မိမိတိုင်းဒေသကြီးအတွင်း ရှင်းလင်းဆွေးနွေးပေးခဲ့မှုများမှာ ကချင်ပြည်နယ် သုံးကြိမ်၊ ကယားပြည်နယ် ကိုးကြိမ်၊ ကရင်ပြည်နယ် တစ်ကြိမ်၊ မွန်ပြည်နယ် ကိုးကြိမ်၊ ရခိုင်ပြည်နယ် တစ်ကြိမ်၊ ရှမ်းပြည်နယ် ၁၁ ကြိမ်၊ ရန်ကုန်တိုင်းဒေသကြီး တစ်ကြိမ်၊ မန္တလေးတိုင်းဒေသကြီး ခုနစ်ကြိမ်၊ စစ်ကိုင်းတိုင်းဒေသကြီး နှစ်ကြိမ်၊ မကွေးတိုင်းဒေသကြီး နှစ်ကြိမ်၊ ပဲခူးတိုင်းဒေသကြီး တစ်ကြိမ်၊ ဧရာဝတီတိုင်းဒေသကြီး တစ်ကြိမ်နှင့် တနင်္သာရီတိုင်းဒေသကြီး ၁၀ ကြိမ်တို့ဖြစ်ပြီး စုစုပေါင်း ၅၈ ကြိမ်ရှိကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးရုံး နေပြည်တော်မှ အဆောက်အအုံ/လေယာဉ်ကွင်း/လမ်း/တံတားလုပ်ငန်းများ စစ်ဆေးရေးအဖွဲ့ ၁၉ ဖွဲ့က မိမိတာဝန်ယူရသော တိုင်းဒေသကြီး/ ပြည်နယ်များအတွင်း သွားရောက်ရှင်းလင်း ဆွေးနွေးခဲ့မှုများမှာ ကချင်ပြည်နယ် တစ်ကြိမ်၊ ကယားပြည်နယ် တစ်ကြိမ်၊ ကရင်ပြည်နယ် တစ်ကြိမ်၊ ချင်းပြည်နယ် နှစ်ကြိမ်၊ မွန်ပြည်နယ် တစ်ကြိမ်၊ ရခိုင်ပြည်နယ် တစ်ကြိမ်၊ ရှမ်းပြည်နယ် လေးကြိမ်၊ ရန်ကုန်တိုင်းဒေသကြီး နှစ်ကြိမ်၊ မန္တလေးတိုင်းဒေသကြီး နှစ်ကြိမ်၊ စစ်ကိုင်းတိုင်းဒေသကြီး နှစ်ကြိမ်၊ မကွေးတိုင်းဒေသကြီး နှစ်ကြိမ်၊ ပဲခူးတိုင်းဒေသကြီး နှစ်ကြိမ်၊ ဧရာဝတီတိုင်းဒေသကြီး တစ်ကြိမ်နှင့် တနင်္သာရီတိုင်းဒေသကြီး တစ်ကြိမ်တို့ဖြစ်ပြီး စုစုပေါင်း ၂၂ ကြိမ်ရှိကြောင်း။

ဝန်ကြီးဌာနသို့ လိပ်စာမှန်ဖြင့် ရေးသားအကြောင်းကြားသူများအား ဝန်ကြီးဌာနမှ လိုက်လံရှင်းလင်း ပေးခဲ့ရသူများမှာ ပြည်မှ ဦးမြင့်နိုင်ထွန်း နှစ်ကြိမ်၊ ဇီးကုန်းမှ ဦးထွန်းဇော်(ခ) ကိုပေါက် ၊ ပျော်ဘွယ်မှ ဦးမြင့်စိုး ၊ ရွာငံမှ ဦးအောင်သိန်း၊ အောင်ပန်းမှ ဦးတင်ဝင်း၊ မူဆယ်မှ ဦးစိုင်းဘိုးအောင်၊ မူဆယ်မှ ကောင်းခါး ပြည်သူ့စစ်၊ မူဆယ်ကုန်စည်အသင်းမှ ဦးလှမောင်၊ ပျော်ဘွယ်/ရမည်းသင်းမှ ယာဉ်ပိုင်ရှင်များ ၊ ရွှေဘို/ကန့်ဘလူမှ ယာဉ်ပိုင်ရှင်များနှင့် မိတ္ထီလာမှ ယာဉ်ပိုင်ရှင်များ ဖြစ်ကြောင်း။

ယခုနောက်ပိုင်းတွင် ရောက်ရှိလာသော စာများအား ရှင်းလင်းရန်စာပါလိပ်စာနှင့်ရှာဖွေရာ အမည်မှား၊ လိပ်စာမှားများဖြင့် ရေးသားပေးပို့လာသဖြင့် ဌာနမှ ရှင်းလင်းပြောကြားရန်ရှာဖွေမတွေ့ရှိသော်လည်း ဖြစ်နိုင်ခြေရှိသော ဂိတ်များသို့ စေတနာအလျောက် သွားရောက်ရှင်းလင်းခဲ့ကြောင်း၊ ၎င်းဂိတ်များမှာ မန္တလေးမှန်လုံယာဉ်အသင်း (ဦးအောင်အောင်အမည်ခံ)၊ မိုးမိတ်ကားဂိတ် (ခရီးသွားပျော်သည့် မောင်မိုးမိတ်)။

ဌာနမှ လိပ်စာရှင်နှင့် နီးစပ်သော ဂိတ်များသို့ ရှင်းလင်းခဲ့သည့်မြို့များမှာ သပိတ်ကျင်းမြို့တွင် မိုးမိတ်၊ မိုးကုတ်၊ သပိတ်ကျင်းမြို့များမှ ယာဉ်ပိုင်ရှင်နှင့် ဂိတ်မှူးများနှင့် မန္တလေးမြို့တွင် ယာဉ်အသင်းများနှင့် ယာဉ်ပိုင်ရှင်များ ဖြစ်ကြောင်းသိရသည်။

သို့ဖြစ်ပါ၍ လမ်း-တံတားအသုံးပြုခကောက်ခံကြေးများနှင့် ပတ်သက်၍ မရှင်းလင်းသည်များရှိပါက ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လာရောက်ဆက်သွယ်မေးမြန်းခြင်း (သို့မဟုတ်) လာရောက်ရှင်းလင်းရန် ဖိတ်ခေါ်ခြင်းတို့ ပြုနိုင်ကြကြောင်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

(ဇော်မင်းသိန်း)

နိုင်ငံတကာအားကစားသတင်းများ

ချယ်လ်ဆီးအား နည်းစနစ်ပိုင်းအရ ကြောက်စရာမလိုကြောင်း ဘာစီလိုနာနည်းပြ ဂွါဒီယိုလာ ထုတ်ဖော်ပြောကြား

ဘာစီလိုနာ မေ ၁၆

စပိန်အင်အားကြီးအသင်းဖြစ်သည့် ဘာစီလိုနာအသင်းနှင့် လန်ဒန်အနောက်ပိုင်းအခြေစိုက် ချယ်လ်ဆီးအသင်းတို့သည် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် မေ ၁၈ ရက်တွင် စတမ်းဖို့ဘရစ်ချ်၌ စတင်ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ အဝေးကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သော်လည်း ဘာစီလိုနာနည်းပြ ဂွါဒီယိုလာ **(အောက်ပုံ)**က ချယ်လ်ဆီးအား နည်းစနစ်ပိုင်းအရ ကြောက်စရာမလိုကြောင်း အခိုင်အမာပြောကြားလိုက်သည်။

ထို့ပြင် ချယ်လ်ဆီးအသင်း၌ ချန်ပီယံလိဂ်အတွေ့အကြုံရင့်ကျက်သည့် နာမည်ကြီးကစားသမားများဖြစ်သော ဂျွန်တယ်ရီ၊ အိုင်ဗန်နိုဗစ်နှင့် ဒရော့ဘာ စသည့်ကစားသမားများ ရှိနေသည်ကို မိမိအနေဖြင့် သတိမူမိသော်လည်း စိုးရိမ်စရာမရှိကြောင်း ဂွါဒီယိုလာက Sunday Mirror သို့ ပြောကြားသည်။

ယခုပြိုင်ပွဲသည် ဘာစီလိုနာအသင်း၏ အရေးကြီးသည့် ပြိုင်ပွဲတစ်ခုဖြစ်သော်လည်း မိမိအသင်းတွင် ဘောလုံးမှော်ပညာရှင်ဟု လူသိများသော ဘောလုံးတစ်ရာသီတည်းတွင်သွင်းဂိုး ၆၀ ဖြင့် စံချိန်တင်ခဲ့သည့် လိုင်ယွန်နယ်မက်ဆီ ရှိနေသည်ကပင် လုံလောက်မှုရှိကြောင်း၊ သို့သော်ချယ်ဆီးနှင့် ပြိုင်ပွဲတွင် မိမိ၏ ကစားသမားအားလုံးကို အကောင်းဆုံးပုံစံဖြင့် ခြေစွမ်းပြကစားရန် မှာကြားထားကြောင်း ဂွါဒီယိုလာက ဆိုသည်။

ချယ်လ်ဆီးအသင်းသည် အင်အားကြီးအသင်း တစ်သင်းဖြစ်သော်လည်း မိမိတို့ ကောင်းမွန်စွာ ကျော်ဖြတ်နိုင်မည်ဖြစ်ကြောင်းနှင့် အဆိုပါပြိုင်ပွဲမှာ ဘာစီလိုနာ အသင်းအတွက် အခက်အခဲမရှိ အနိုင်ရရှိရန် ရာခိုင်နှုန်းများကြောင်း ဘာစီလိုနာနည်းပြ ဂွါဒီယိုလာက Sunday Mirror သတင်းဌာနသို့ ပြောကြားခဲ့ သည်။



အင်တာနက်။

မန္တလေး-မြစ်ကြီးနားလမ်းရှိ တံတားပျက်စီးမှု ပြုပြင်ဆောင်ရွက်ပြီးစီး

မော်လူး မေ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးစံပြကျေးရွာ မန္တလေး-မြစ်ကြီးနား ဗျူဟာလမ်းမကြီးပေါ်ရှိ ကားလမ်းမိုင်တိုင်(၁၆၂/၁၀)အရှည်ပေ ၉၀၊ အကျယ် ၁၅၊ အမြင့် ၂၀ ရှိသည့် မော်လူးရပ်ကွက်နှင့် စည်းမော်ရွာသို့ ဆက်သွယ်ဆောက်လုပ်ထားသည့် ချောင်းကူး တံတားကြီး**(ယာပုံ)**ကို မေ ၁၀ ရက်က ပြုပြင်ဆောင်ရွက်ပြီးကြောင်း၊ တံတား၏ ပြုပြင်ကုန်ကျစရိတ်မှာ ငွေကျပ်သိန်း ၄၀ ကျော်ကုန်ကျကြောင်း ဆုထူးပန်လမ်းတံတားမန်နေဂျာ၏ ပြောကြားချက်အရ သိရှိရသည်။ (၆၈၅)

ကျပ် နှစ်သိန်းတန် GSM ဖုန်းများ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ရောင်းချ

မန္တလေး မေ ၁၆

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်များ(စည်ပင်သာယာနယ်နိမိတ်ပြင်ပ) တွင် ၀၉-၄၀၂၅×××× ဖြင့်စသော GSM မိုဘိုင်းဖုန်းများအား မတ် ၂၈ ရက်မှစ၍ မြို့နယ်ဆက်သွယ်ရေးစခန်းများ တွင် ကျပ်နှစ်သိန်းဖြင့် ရောင်းချပေးလျက်ရှိပြီး မန္တလေးမြို့တော်နှင့် ပုသိမ်ကြီးမြို့နယ်များအတွက် ၀၉-၄၀၂၅၇×× ဖြင့်စသော GSM ဖုန်းကတ်များကို မေ ၉ ရက်မှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မန္တလေးတိုင်းဒေသကြီး မန်နေဂျာရုံး၊ စာတိုက်ကြီး၊ နန်းရှေ့စာတိုက်၊ ရုံးကြီးစာတိုက်၊ ကြေးနန်းရုံး၊ ရှမ်းစုစာတိုက်၊ ပြည်ကြီးတံခွန်စာတိုက်၊ အမရပူရအိတ်ချိန်း၊ ပုသိမ်ကြီးအိတ်ချိန်းတို့တွင် ဓာတ်ပုံ သုံးပုံ၊ မှတ်ပုံတင်မိတ္တူတို့နှင့်အတူ ဝယ်ယူသူအမည်ပေါက်(0ne Stop Service) ဖြင့် ရောင်းချလျက်ရှိသည်။ ၂၀၁၂ ခုနှစ် မေလ ပထမပတ်မှစ၍ တစ်နိုင်ငံလုံးသို့ ယူဆောင်ဆက်သွယ်ပြောဆိုနိုင်မည်ဖြစ်ပြီး အသံဖိုင်၊ ဓာတ်ပုံများ ပေးပို့နိုင်သော ကျပ် နှစ်သိန်းခွဲတန် (WCDMA)ဖုန်းများလည်း ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ (သီဟကိုကို)

GSM မိုဘိုင်းဖုန်းများအား မြို့နယ်ဆက်သွယ်ရေးစခန်းများတွင် ကျပ်နှစ်သိန်းဖြင့် ရောင်းချပေးလျက်ရှိရာ လာရောက်ဝယ်ယူသူများအား တွေ့ရစဉ်။

မန်စီးတီးတိုက်စစ်မှူး ဒီဇစ်ကိုအား ခေါ်ယူစာချုပ်ရန် ဘိုင်ယန်ပြင်ဆင်

မြူးနစ် မေ ၁၆

ဂျာမန်ကလပ် ဘိုင်ယန်မြူးနစ်အသင်းသည် မန်စီးတီးတိုက်စစ်မှူးဒီဇစ်ကို **(အောက်ပုံ)**အား ခေါ်ယူစာချုပ်ချုပ်ဆိုရန် ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်း Sunday Mirror သတင်းဌာနက သတင်းဖော်ပြသည်။

ဘော့စနီးယားနိုင်ငံသား တိုက်စစ်မှူးဒီဇစ်ကိုအား လွန်ခဲ့သည့် တစ်နှစ်ကျော်ခန့်က ပေါင် ၂၇ သန်းဖြင့် ရောင်းချမည်ဟု မန်စီးတီးအသင်းနည်းပြနှင့် ပိုင်ရှင်တို့က ပြောကြားခဲ့ဖူးကြောင်း သတင်းတွင် ဖော်ပြထားသည်။

ဒီဇစ်ကိုနေရာတွင် ကားလို့စ်တီဗက်ကို ပွဲချိန်ပြည့်ကစားသမားအဖြစ် အစားထိုးကစားရန် မန်စီးတီးနည်းပြ ရောဘတ်တိုမန်စီနီက ဆုံးဖြတ်ချက်ချခဲ့ကြောင်းနှင့် ဒီဇစ်ကို အနေဖြင့်လည်း ဂျာမနီသို့ ပြန်လည်ကစားခွင့်ရရန် ချိတ်ဆက်မှုများ ပြုလုပ်ထားကြောင်း ဆိုသည်။

အသက်(၂၆)နှစ်အရွယ်ရှိ ဒီဇစ်ကိုသည် မန်စီးတီးအသင်းတွင် ပုံမှန်ခြေစွမ်းပြကစားရန် လိုအပ်ချက်များရှိနေသူဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းက ၎င်းအား စောင့်ကြည့်အကဲခတ်နေဆဲဖြစ်ကြောင်း Sunday Mirror က ဖော်ပြသည်။

သို့သော် မန်စီးတီးအသင်းအနေဖြင့် ဒီဇစ်ကိုအား ရောင်းချမည်ဆိုသော်လည်း ပေါင် ၂၇ သန်းဖြင့် ကမ်းလှမ်းလာမည့်အသင်းကို ရွေးချယ်ရောင်းချမည်ဖြစ်ကြောင်းနှင့် ဘောလုံးရာသီ မကုန်သေးသဖြင့် ဒီဇစ်ကိုအား ရောင်းချရန်ကိစ္စကို ဆွေးနွေးရန်မှာ စောလွန်းနေသေးကြောင်း မန်စီးတီးအသင်းက ထုတ်ဖော်ပြောကြားခဲ့ကြောင်း Sunday Mirror က ဆိုသည်။

အင်တာနက်။

နိုင်လင်းကြည်

စည်းကမ်းမဲ့ဆိုင်ကယ်စီးသူများ မိတ္ထီလာ၌ အရေးယူ

မိတ္ထီလာ မေ ၁၆

မိတ္ထီလာမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်တွင် စည်းကမ်းမဲ့ မော်တော်ဆိုင်ကယ် စီးနင်းသူများအား ယာဉ်စည်းကမ်းလမ်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ပွဲတော်ကာလအတွင်း မော်တော်ဆိုင်ကယ်များအား သုံးဦးထက်ပို၍စီးနင်းခြင်း၊ ဒူးကာများဖြုတ်၍စီးနင်းခြင်း၊အိတ်ဇောပိုက်များဖြုတ်၍ အသံကျယ်လောင်စွာ စီးနင်းခြင်းကဲ့သို့ စည်းကမ်းမဲ့စွာမော်တော်ဆိုင်ကယ်စီးနင်းသူများအား သက်ဆိုင်ရာက ဖမ်းဆီးအရေးယူလျက်ရှိပြီး စည်းကမ်းမဲ့ဆိုင်ကယ်များအား ယာယီသိမ်းဆည်းပြီး မဟာသင်္ကြန်ပွဲတော်ကာလပြီးမှ ဒဏ်ကြေးဆောင်ခြင်း၊ ပဋိညာဉ် သတိပေးခြင်းများပြုလုပ်ပြီး မော်တော်ဆိုင်ကယ်များအား ပြန်လည်ထုတ်ယူခွင့်ပြုမည်ဖြစ်သည်ဟုသိရသည်။ “အခုလို ဆောင်ရွက်တာကောင်းပါတယ်။ ဆိုင်ကယ် အိတ်ဇောပိုက်တွေဖြုတ်၊ လီဗာတွေတအားနင်း တစ်မြို့လုံးစက်သံတွေဆူအောင်လုပ်ပြီး သောင်းကျန်းတဲ့ စည်းကမ်းမဲ့သူတွေကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို အရုပ်ဆိုးအကျည်းတန်စေပါတယ်။ ဒါပေမယ့် တစ်မြို့လုံး အတိုင်းအတာထိတော့ ဆောင်ရွက်နိုင်ဖို့ မလွယ်ကူတော့ နှစ်စဉ်လိုပဲ အဲဒီဆိုင်ကယ်ဆူညံသံတွေ ကြားနေရတာပါပဲ”ဟု သင်္ကြန်ပွဲတော်ဆင်နွှဲသူဒေသခံ တစ်ဦးကဆိုသည်။ (၅၇၉)

ဝါးခယ်မ ရွှေလောင်းကျေးရွာ၌ မီးလောင်

ဝါးခယ်မ မေ ၁၆

ဝါးခယ်မမြို့နယ် ရွှေလောင်းကျေးရွာ၌ မေ ၁၁ ရက် ညနေ ၆ နာရီခွဲတွင် သီတာလမ်းနေ ဒေါ်စီစီညွန့်(ခ) ဒေါ်မျိုးမျိုးခိုင်နေအိမ်မှ မီးစတင်လောင်ကျွမ်းရာ တစ်ထပ်တိုက် သုံးလုံး၊ နှစ်ထပ်တိုက်သုံးလုံး၊ ဆယ်ခန်းတွဲ ဆိုင်ခန်းတစ်ခန်း၊ သွပ်မိုးပျဉ်ထောင် အိမ်နှစ်လုံး မီးလောင်ကျွမ်းခံရသဖြင့် လူ ၄၇ ဦး အိုးအိမ်မဲ့ ဖြစ်ကြရသည်။

မီးလောင်ကျွမ်းသည်ကို ရွှေလောင်းကျေးရွာမှ အကြောင်းကြားသဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးတင်မောင်ဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြသိန်းတန်ရပ်ကွက်နှင့် လှေကျင်းရပ်ကွက်တို့မှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံအရန်မီးသတ် တပ်ဖွဲ့ဝင်များမှ သွားရောက်ငြိမ်းသတ်ခဲ့ရာ ည ၇ နာရီကျော်တွင် မီးညွန့်ကျိုးပြီး ည ၈ နာရီတွင် မီးငြိမ်းသွားကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်တို့က မီးဘေးဒုက္ခသည်တို့အား လိုအပ်သည်များကို ကူညီပံ့ပိုးပေးခဲ့ကြောင်း သိရ သည်။ (၁၈၂)

ခရီးသည်တင် မှန်လုံယာဉ် မီးလောင်

မန္တလေး မေ ၁၆

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်မြောက်ရပ်ကွက် အကွက်(၉၀၀)၊ ၇၈ လမ်းထောင့်တွင် မေ ၉ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်က ယာဉ်မောင်း မောင်မောင်မျိုး (၄၃) နှစ်မောင်းနှင်သော ဖူဆိုအမျိုးအစား ခရီးသည်တင် မှန်လုံယာဉ် အမှတ် (၉/ခ---------)သည် အရှေ့မှ အနောက်သို့ မောင်းနှင်လာစဉ် ကားစက်ခန်းအတွင်းရှိ မိန်းဝါယာနှင့် အဲယားကွန်းဝါယာများ အပူလွန်ကဲပြီး မီးလောင်ရာ မီးသတ်ယာဉ်ငါးစီးဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းငြိမ်းသတ်ခဲ့သည်။ မီးလောင်မှုကြောင့် ကားအတွင်း ဆိုဖာခုံရှစ်ခုံနှင့် မျက်နှာကြက် ပျက်စီးခဲ့ပြီး အမှတ်(၁၁) ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (၆၅၃)

မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ

၁၃၇၃ ခုနှစ် နေပြည်တော်မဟာသင်္ကြန် ဆုပေးပွဲနှင့် ပိတ်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၁၆

၁၃၇၃ ခုနှစ် နေပြည်တော် မဟာသင်္ကြန်ဆုပေးပွဲနှင့် ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်မြို့တော်ခန်းမရှေ့ရှိ နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ ဆုများကို ပေးအပ်ချီးမြှင့်ရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ၁၆ ဦး ယိမ်းအကပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိကြသည့် ယိမ်းအကအဖွဲ့များဖြစ်သော သာသနာရေးဝန်ကြီးဌာန ယိမ်းအသင်းနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ယိမ်းအသင်းတို့အားလည်းကောင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်လွင်က နှစ်သိမ့်ဆုရ နေပြည်တော်တိုင်းစစ်ဌာနချုပ် ယိမ်းအသင်းနှင့် ၁၆ ဦး ယိမ်းအကပြိုင်ပွဲတွင် ဒသမဆုရ ပြည်ထဲရေးဝန်ကြီးဌာန ယိမ်းအသင်းတို့အား လည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက နဝမဆုရ သမဝါယမဝန်ကြီးဌာန ယိမ်းအကအဖွဲ့နှင့် အဋ္ဌမဆုရ သိဏ်းဆောက်လုပ်ရေး ယိမ်းအကအဖွဲ့တို့အား လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက သတ္တမဆု ပူးတွဲရရှိသည့် ယိမ်းအကအဖွဲ့နှစ်ဖွဲ့ဖြစ်သည့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ယိမ်းအကအဖွဲ့နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ယိမ်းအကအဖွဲ့တို့အား လည်းကောင်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က ဆဋ္ဌမဆုရ ရွှေပြည်တော်ဟိုတယ် ယိမ်းအကအဖွဲ့နှင့် ပဉ္စမဆုရ Moon Ray ဆောက်လုပ်ရေးကုမ္ပဏီယိမ်းအကအဖွဲ့တို့အားလည်းကောင်း ငွေသားဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

၁၃၇၃ ခုနှစ် နေပြည်တော်မဟာသင်္ကြန် ဆုပေးပွဲနှင့် ပိတ်ပွဲအခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

ဆက်လက်၍ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က ၁၆ ဦး ယိမ်းအကပြိုင်ပွဲတွင် စတုတ္ထဆုရ ACE ဆောက်လုပ်ရေးကုမ္ပဏီ ယိမ်းအကအဖွဲ့နှင့် တတိယဆုရ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ယိမ်းအကအဖွဲ့တို့အား လည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပူးတွဲတတိယဆုရ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ယိမ်းအကအဖွဲ့နှင့် ဒုတိယဆုရ ရွှေညှော့သည်ဟိုတယ် ယိမ်းအကအဖွဲ့တို့အား လည်းကောင်း ဆုဖလားနှင့် ငွေသားဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်က ၁၆ ဦး ယိမ်းအကပြိုင်ပွဲတွင် ပထမဆုရ ဆောက်လုပ်ရေးဝန်ကြီးဌာန ယိမ်းအကအဖွဲ့အား ဆုဖလားနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နေပြည်တော်မြို့တော်ဝန်က ၁၃၇၃ ခုနှစ် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ကြီးကို ခမ်းနားထည်ဝါစွာဖြင့် တည်ဆောက်ခဲ့ခြင်းအတွက် ACE ဆောက်လုပ်ရေးကုမ္ပဏီအား အထူးဂုဏ်ပြုဆုအဖြစ် ဆုဖလားနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ် ပိတ်ပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၆

၁၃၇၃ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့တော်ဝန်မဏ္ဍပ်၌ ကျင်းပရာ ၁၃၇၃ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကျင်းပရေးနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ငွေး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးတင်ထွန်းက ရန်ကုန်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်အား ပိတ်သိမ်းကြောင်းကြေညာပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းမိသားစုများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များနှင့် အနုပညာရှင်များက "မန်းတောင်ရိပ်ခို" တေးသီချင်းဖြင့် သံပြိုင်သီဆို ကပြဖျော်ဖြေကြသည်။

ထို့နောက် ၁၃၇၃ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် အက၊ အလှ၊ သဘာဝ၊ အလှပြယာဉ် အထူးဆုများ၊ ၁၂ ဦး ယိမ်းပြိုင်ပွဲ (အခြေခံပညာ)ပထမ၊ ဒုတိယ၊ တတိယဆုများအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက လည်းကောင်း၊ အကအထူးဆုရ ကရင်ရိုးရာယဉ်ကျေးမှုအဖွဲ့၊ ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့နှင့် ၁၂ ဦး ယိမ်းပြိုင်ပွဲ(အခြား) ပထမ၊ ဒုတိယ၊ တတိယဆုများအား တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး ဒေါ်ခင်သက်ငွေးက လည်းကောင်း၊ အကအထူးဆု (အခြား)ရ လေးဝတီရခိုင်ယဉ်ကျေးမှုအဖွဲ့၊ ကရင်ရိုးရာယဉ်ကျေးမှုအဖွဲ့နှင့် ၁၂ ဦး ယိမ်းပြိုင်ပွဲ(မူကြို) ပထမဆု၊ ဒုတိယဆုများအား ရန်ကုန်မြို့တော်ဝန် တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးလှမြင့်က လည်းကောင်း၊ ၁၆ ဦးယိမ်း(အခြေခံပညာ)နှင့် ၁၆ ဦးယိမ်း(အခြား) ပထမ၊ ဒုတိယ၊ တတိယဆုများအား ရန်ကုန်မြို့တော်ဝန်၏ ဇနီး ဒေါ်ခင်အေးနွယ်က လည်းကောင်း၊ ၂၀ ဦး ယိမ်း(အလွတ်တန်း)ပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယဆုများအား တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်းက လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖျော်ဖြေတင်ဆက်

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ယိမ်းအဖွဲ့ဝင်များ ကပြဖျော်ဖြေတင်ဆက်ကြစဉ်။ (သတင်းစဉ်)

ယ နေ့ သ တ င် း အ ညွှ န် း

၁၃၇၄ ခုနှစ် မင်္ဂလာနှစ်သစ်သို့ရောက်ရှိပြီးဖြစ်ရာ ဘဝသစ်၊ နိုင်ငံသစ် တည်ဆောက်ရေးတွင်ပါဝင်လာကြမည့် မျိုးဆက်သစ်များကို မြန်မာ့ယဉ်ကျေးမှု အမွေခံကောင်းများ လက်ဆင့်ကမ်းစေလို ...

ဖတ်စရာ မှတ်စရာ စာမျက်နှာ ၆

ယနေ့ခေတ်စားနေသည့် Sexy dance မှာ အမျိုးသား အမျိုးသမီး နှစ်ဦး ဝတ်ချင်သလိုဝတ်၍ အနောက်တိုင်း ပွတ်သဘင်ပွဲဆင်နွှဲနေသကဲ့သို့ ...

မပြောမပြီး မတီးမမြည် စာမျက်နှာ ၆